# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# စတုတ္ထပုံမှန်အစည်းအဝေး

# စတုတ္ထနေ့မှတ်တမ်း



| စဥ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အစီအစဉ် ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | (က) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေအား ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၅ |
| ၆ | (ခ) ဒေါ်မြခွာညိုဦး၊ ရွှေတောင် မဲဆန္ဒနယ်၏ ရွှေတောင် အမှတ်(၁) အထည်စက်ရုံ၏ အနာဂတ်စီမံကိန်းကို အကောင်အထည်ဖော်သည့် အချိန်နှင့် စီမံကိန်းပြီးစီးချိန်တို့တွင် ဒေသခံပြည်သူလူထုအနေနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်မှုအခြေအနေများကို ပြည့်စုံစွာ သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၇ | (ဂ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ တိုင်းရင်းသားသတင်းမီဒီယာများ အပါအဝင် ပုဂ္ဂလိက သတင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေး အတွက် နိုင်ငံတော်က မည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း၊ နိုင်ငံပိုင်သတင်းစာများသည် ပြည်သူ့ကိုယ်စားပြု သတင်းစာများ အဖြစ်သို့ ရောက်ရှိနိုင်ရန် မည်သို့သော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၃ |
| ၈ | (ဃ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၏ ဒီမိုကရေစီစနစ် ဖော်ဆောင်ရာတွင် နိုင်ငံသားများ ဒီမိုကရေစီ အလေ့အကျင့် ရစေရန်နှင့် ပြည်သူလူထု အသိအမြင်မှန်စေရန်၊ လုပ်ဆောင်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၃ |

ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က "ပြည်သူလူထုအား သက်ဆိုင်ရာ
ဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက် ထည့်သွင်း
၉ လျာထား၍ စနစ်တကျပညာပေး အစီအစဉ်များ ပြုလုပ်ရန် ပြည်ထောင်စု ၂၈
အစိုးရသို့ တိုက်တွန်းကြောင်း" အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေး
ရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့
၁၀ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် ၃၆
အချိန်ကို ကြေညာခြင်း။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## စတုတ္ထနေ့ အစီအစဉ်

## [ ၆–၂–၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေအား ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်မြခွာညိုဦး၊ ရွှေတောင် မဲဆန္ဒနယ်၏ **ရွှေတောင် အမှတ်(၁) အထည်စက်ရုံ၏ အနာဂတ်စီမံကိန်းကို အကောင်အထည်ဖော်သည့် အချိန်နှင့် စီမံကိန်းပြီးစီးချိန်တို့တွင် ဒေသခံပြည်သူလူထုအနေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မှုအခြေအနေများကို ပြည့်စုံစွာ သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **တိုင်းရင်းသားသတင်းမီဒီယာများ အပါအဝင် ပုဂ္ဂလိက သတင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုး တိုးတက်ရေး အတွက် နိုင်ငံတော်က မည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိလိုခြင်း၊ နိုင်ငံပိုင်သတင်းစာများသည် ပြည်သူ့ကိုယ်စားပြု သတင်းစာများ အဖြစ်သို့ ရောက်ရှိနိုင်ရန် မည်သို့သော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိသည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၏ **ဒီမိုကရေစီစနစ် ဖော်ဆောင်ရာတွင် နိုင်ငံသားများ ဒီမိုကရေစီ အလေ့အကျင့် ရစေရန်နှင့် ပြည်သူလူထု အသိအမြင်မှန်စေရန်၊ လုပ်ဆောင်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

၆။ ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်က **"ပြည်သူလူထုအား သက်ဆိုင်ရာ ဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက် ထည့်သွင်း လျာထား၍ စနစ်တကျပညာပေး အစီအစဉ်များ ပြုလုပ်ရန် ပြည်ထောင်စု အစိုးရသို့ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
## (၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန် ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြားသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၄ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၁ ဦးရှိပါတယ်။ ခွင့်ပန်ကြား သူများကတော့-

(၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၂) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၅ ရက်၊

(၃) လာရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၄ ရက်၊

(၄) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊

(၅) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာအောင်နိုင် ခွင့် ၅ ရက်၊

(၆) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၃ ရက်၊

(၇) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၂ ရက်၊

(၈) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၅ ရက်၊

(၉) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၁၀) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)အောင်ရွှေ ခွင့် ၅ ရက်၊

(၁၁) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၃ ရက်၊

(၁၂) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း ခွင့် ၁ ရက်၊

(၁၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၁၄) ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ခွင့် ၁ ရက်၊

(၁၅) ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ ခွင့် ၁ ရက်၊

(၁၆) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၂ ရက်၊

(၁၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမိုးမြင့်အောင် ခွင့် ၅ ရက်၊

(၁၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး ခွင့် ၅ ရက်၊

(၁၉) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊

(၂၀) အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ခွင့် ၁ ရက်၊

(၂၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၅ ရက်၊

(၂၂) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၄ ရက်၊

(၂၃) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၁ ရက်၊

(၂၄) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၂၅) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၅ ရက်၊

(၂၆) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခွင့် ၁ ရက်၊

(၂၇) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၂ ရက်၊

(၂၈) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၅ ရက်၊

**မူကြမ်း**

(၂၉) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)ဦးသောင်းထွန်း ခွင့် ၂ ရက်၊

(၃၀) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၅ ရက်နှင့်

(၃၁) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၃၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြု မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေအား ပြဋ္ဌာန်းပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ကြွရောက်လာသူအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေး မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ Power Point နဲ့တင်ပြခွင့်ပြုပါ။ လွှတ်တော် ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးရန်အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတော်မှာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးခဲ့တာဟာ ၂၀၁၀ မှ ၂၀၁၅ အထိ ပထမအကြိမ် လွှတ်တော်သက်တမ်းပြီးဆုံးခဲ့ပြီဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲမှစတင်ပြီးတော့ ဒုတိယ အကြိမ် လွှတ်တော်သက်တမ်းစတင်ခဲ့တာ ယခုအချိန်ဆိုရင် စတုတ္ထပုံမှန်အစည်းအဝေးအထိ တစ်နှစ် ကျော်ကာလ ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်အရ ပြည်သူများကရွေးချယ်တင်မြှောက် ထားတဲ့ကိုယ်စားလှယ်တွေနဲ့ နိုင်ငံတော်ရဲ့ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေး အာဏာ သုံးရပ်ကို အပြန်အလှန်ထိန်းကျောင်းပြီးတော့ ပိုင်းခြားကျင့်သုံးခဲ့တာဟာ အတိုင်းအတာတစ်ခု အထိ ရောက်ရှိနေခဲ့ပြီလို့ဆိုရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ပြည်သူများအနေနဲ့ ပြည်သူရဲ့လိုအင်ဆန္ဒနဲ့အညီ ဖြည့်ဆည်းဖော်ဆောင်ပေးဖို့ လွှတ်တော်ကိုယ်စားလှယ်တွေကို လွတ်လပ်စွာရွေးချယ်ပေးအပ်ခဲ့တာ ရွေးကောက်ပွဲနှစ်ကြိမ်ရှိခဲ့ပြီဖြစ်ပါတယ်။ ဒါပေမဲ့လည်း ပြည်သူတွေရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးဦးဟာ ၎င်းဆောင်ရွက်ရမယ့်တာဝန်ဝတ္တရားတွေ၊ သူ့ကိုသတ်မှတ်ထား တဲ့ အရည်အချင်းတွေ၊ အကျင့်စာရိတ္တတွေ ချို့ယွင်းလာမယ်၊ ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်လာ မယ်ဆိုရင် ဒီကိုယ်စားလှယ်ကိုတာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ကိုတော့ ယနေ့အထိ ပြည်သူတွေမရရှိ သေးကြောင်း သတိပြုနေကြပြီဖြစ်ပါတယ်။ ဒီ့အတွက် လက်ရှိကျင့်သုံးနေကြတဲ့ အခြေခံဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းအခွင့်အရေးကို ဒီမိုကရေစီစနစ်နှင့်အညီ ပေးအပ်သင့်ပြီဆိုတဲ့ ပြည်သူတွေရဲ့အသံကိုလည်း ကြားသိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၉၆ မှာ တင်ပြပါအတိုင်းဖော်ပြထားပါတယ်။ အပိုဒ်ခွဲ(က)မှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို

အကြောင်းအရပ်(၅)ရပ်နဲ့ တာဝန်မှပြန်လည်ရုပ်သိမ်းခွင့်ရှိတယ်လို့ ဖော်ပြထားပါတယ်။ အပိုဒ်ခွဲ(ခ)မှ (င)မှာတော့ လုပ်ရမယ့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဖော်ပြထားပါတယ်။ ပုဒ်မ ၃၉၇ မှာတော့ ပြည်ထောင်စုလွှတ်တော်သည် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း လိုအပ်သောဥပဒေများကို ပြဋ္ဌာန်းရမယ်လို့ ပါရှိပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီကနေပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို တင်သွင်းခဲ့ပြီးတော့ (၇၃)ရက်မြောက်နေ့မှာဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့လည်း ၁၃-၈-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၃၈/စမ-စည်း(၂)(၂၉)ကမရနဲ့ ပြည်ထောင်စုလွှတ်တော်နာယကထံကို ဒီဥပဒေကို ဆောလျင်စွာ ပြဋ္ဌာန်းပေးဖို့ပေးပို့ခဲ့တယ်လို့ သိရပါတယ်။ (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၇)ရက်မြောက်နေ့မှာတော့ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကိုထပ်မံတင်သွင်းခဲ့ပြီးတော့ (၇၈)ရက်မြောက်နေ့မှာ ဒီဥပဒေအတည်ပြုရေးနဲ့ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်ရန်သင့်/မသင့်၊ ဆိုင်းငံ့ရန်သင့်/မသင့်ကို ကိုယ်စားလှယ် ၁၃ ဦးဆွေးနွေးခဲ့ကြတယ်လို့ သိရပါတယ်။ ဒီနေရာမှာ ထောက်ခံမဲ ၂၆၄ မဲ၊ ကန့်ကွက် မဲ ၂၃၅ မဲ၊ ကြားနေမဲ ၁၂ မဲနဲ့ ဒီဥပဒေကို ဆိုင်းငံ့ခဲ့တယ်လို့သိရပြီး ဒီနေ့အထိ ထွက်ပေါ်လာခြင်း မရှိသေးကြောင်းတွေ့ရပါတယ်။

ကျွန်တော်တို့ လက်ရှိ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပြုစုတင်ပြခဲ့တဲ့ ဦးစားပေးပြဋ္ဌာန်းရမယ့်ဥပဒေ ၄၈ ခု ရှိပါတယ်။ ဒီထဲမှာ အခုကျွန်တော်တင်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း ပါရှိလာတာ မတွေ့ရပါဘူး။ ဒီကော်မရှင်အနေနဲ့ အဲဒီနေ့ရက်မှာပဲ တရားဥပဒေစိုးမိုးရေး (Rule of Law)နဲ့ပတ်သက်ပြီးတော့ ပြည်သူများနှင့်နိုင်ငံတော်၏အကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်သော တရားမျှတမှုရှိတဲ့ဥပဒေများပေါ်ထွန်းလာရေးနှင့် ယင်းဥပဒေကို ပြည်သူများ အားလုံးက လိုက်နာကျင့်သုံးရေးလို့ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပြီးတော့ ဥပဒေအရ အုပ်ချုပ်ရေး(Rule by Law)ကိုတော့ အုပ်ချုပ်မှုအာဏာပိုင်က တရားမျှတမှုရှိခြင်း/မရှိခြင်း၊ ဖော်ဆောင်မှုရှိခြင်း/မရှိခြင်း၊ ရှင်းလင်းလွယ်ကူမှုရှိခြင်း/မရှိခြင်းစတဲ့အချက်များကို အဓိကမထားဘဲ သူတို့ရဲ့အလိုကျ ရေးဆွဲထားတဲ့

ဥပဒေများနဲ့ အုပ်ချုပ်တယ်လို့ ဖော်ပြခဲ့တာတွေ့ရပါတယ်။ ဒီတွေ့ရှိချက်တွေအရ ပြည်သူများရဲ့ ရွေးကောက်တင်မြှောက်ထားတဲ့ ကျွန်တော်တို့ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်ဖို့လိုအပ်နေပြီလို့ မီးမောင်းထိုးပြထားတာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းဆောင်ရွက်ဖို့၊ အခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းလိုက်နာဆောင်ရွက်ဖို့၊ ဒီမိုကရေစီစနစ်ပီပြင်အောင်ဆောင်ရွက်ဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးရန်အစီအစဉ်ရှိ/မရှိ ကျွန်တော့်အနေနဲ့ သိလို၍မေးမြန်းတင်ပြခြင်းဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မြင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဦးစွာပထမ ဆုမွန်ကောင်းတောင်းဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးရဲ့မေးခွန်းဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေအား ပြဋ္ဌာန်းပေးရန်အစီအစဉ်ရှိ/မရှိသိလိုခြင်းနဲ့စပ်လျဉ်းလို့ ပြည်ထောင်စုရွေးကောက်ပွဲကောက်မရှင်ရဲ့ကိုယ်စား ကျွန်တော် ဦးအောင်မြင့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(အဖွဲ့ဝင်)က ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားပေးပါမယ်။

မေးခွန်းပါကိစ္စရပ်နှင့်ပတ်သက်လို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်းကာလ ၂၇-၈-၂၀၁၂ ရက်နေ့တုန်းက တစ်ကြိမ်၊ နောက် ၁၃-၈-၂၀၁၅ ရက်နေ့မှာတစ်ကြိမ် ပြည်ထောင်စုလွှတ်တော်နာယကထံကို လွှတ်တော်ကိုယ်စားလှယ်တာဝန်မှပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို တင်ပို့ပေးခဲ့ပါတယ်။ အဲဒီဥပဒေကြမ်းကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်မှာ ကိုယ်စားလှယ်များ အသီးသီးဆွေးနွေးခဲ့ကြပါတယ်။ အဲဒီဆွေးနွေးချက်တွေထဲမှာ အထူးအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆(ခ)မှာ ပြဋ္ဌာန်းထားတဲ့ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် တစ်ရာခိုင်နှုန်းက လက်မှတ်ရေးထိုး၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းရမယ်ဆိုတဲ့ပြဋ္ဌာန်းချက်နဲ့ စပ်လျဉ်းပြီးတော့

ဆွေးနွေး ခဲ့ကြတာများပါတယ်။ အဲဒီဆွေးနွေးမှုမှာ တစ်ရာခိုင်နှုန်းအစား နိုင်ငံအသီးသီးမှာကျင့်သုံးကြတဲ့ မဲဆန္ဒရှင်ရဲ့ရှစ်ရာခိုင်နှုန်း၊ တစ်ဆယ်ရာခိုင်နှုန်း၊ နှစ်ဆယ်ရာခိုင်နှုန်း၊ နှစ်ဆယ့်ငါးရာခိုင်နှုန်းနဲ့ မဲဆန္ဒရှင်ရဲ့ သုံးပုံတစ်ပုံအင်အားရှိမှသာ ပြန်လည်ရုပ်သိမ်းခွင့်ပြုထားပါကြောင်း အသီးသီးဆွေးနွေးကြပြီးတဲ့နောက် သဘောတူညီမှုမရဘဲနဲ့ ဆိုင်းငံ့ထားဖို့ရန်အဆိုတင်သွင်းခဲ့ရာမှာ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုလို့ ဒီဥပဒေကျန်နေခဲ့တာဖြစ်ပါတယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ကျင်းပတဲ့အခါမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့ကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးတင်ပြချက်များအပေါ်မှာ လေ့လာသုံးသပ်ပြီး လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကို ပြည့်ပြည့်စုံစုံရေးဆွဲပြီးတော့ ထပ်မံတင်ပြပေးဖို့ ကျွန်တော်တို့ကို လမ်းညွှန်ပေးခဲ့ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာလွှတ်တော်များနှင့် ပူးပေါင်းပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်မှအတည်ပြုပြဋ္ဌာန်းပြီးပါက အဲဒီဥပဒေနှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ အားလုံး လေးစားပါတယ်ခင်ဗျား။ ခုနက ရှင်းလင်းတင်ပြတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဆက်စပ်မေးခွန်းအနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဟာ ဒီဥပဒေကို ဥက္ကဋ္ဌရဲ့လမ်းညွှန်ချက်နှင့်အညီ ပြန်လည်ရေးဆွဲပြီးတော့ ဆောင်ရွက်နေတယ်လို့ သိရတဲ့အတွက် ဘယ်အချိန်၊ ဘယ်ကာလလောက်မှာ ဒီဥပဒေကို တင်ပြနိုင်ပါမလဲ။ ဒီဟာကို အတည်ဘယ်တော့လောက်မှာဖြစ်နိုင်ပါမလဲလို့ ကျွန်တော် ဆက်စပ်မေးခွန်းတစ်ရပ်အနေနဲ့မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးအောင်မြင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ထပ်ဆင့်မေးခွန်းအပေါ်မှာ ကျွန်တော် လေးစားစွာပြန်လည်ဖြေကြားပါမယ်။ ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲ

ကော်မရှင်အနေနဲ့ ပထမအကြိမ်လွှတ်တော်တုန်းက ဆွေးနွေးထားတဲ့ လွှတ်တော်ကိုယ်စားလှယ် အသီးသီးရဲ့ ဆွေးနွေးချက်တွေကိုလည်း လေ့လာပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက် မူဘောင်နှင့်အညီ ဖြစ်နိုင်သရွေ့ ပြည့်ပြည့်စုံစုံဖြစ်အောင် ဥပဒေကြမ်းရေးဆွဲပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေဆိုတာ အထူးအားဖြင့်တော့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ပဲ သက်ဆိုင်တဲ့ဥပဒေဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ရေးဆွဲတဲ့ အခါမှာ လွှတ်တော်ကိုယ်စားလှယ်များနှင့်ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ရေးဆွဲထားတဲ့အပေါ်မှာ ပြန်လည်ပြင်ဆင်ဖြည့်စွက်နိုင်အောင် လွှတ်တော်ရောက်တဲ့အခါမှာ ဟိုတစ်ခါလို Issue တွေအများကြီး မပေါ်အောင်ဆွေးနွေးဖို့အတွက် ကျွန်တော်တို့စီစဉ်ထားပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဥပဒေကြမ်းတစ်ရပ်ရေးဆွဲပြီးဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ကိုယ်စားလှယ်များ ပိုမိုရှင်းလင်းအောင် ဒီနေရာမှာ ကျွန်တော် အနည်းငယ်တင်ပြချင်ပါတယ်။ ကျွန်တော်တို့ ဒီနေ့ကတော့ ဘာပဲပြောပြော ဒီမိုကရေစီကျင့်စဉ်နှင့် အညီ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှဆင်းသက်သည်ဆိုတဲ့မူအရ မဲဆန္ဒရှင်မိဘပြည်သူ တွေရဲ့အခွင့်အရေးမဆုံးရှုံးအောင် မေးခွန်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် Power Point ထိုးပြီးတော့ ရှင်းလင်းဆွေးနွေးပေးတဲ့အတွက်လည်း တော်တော်လေးကောင်းပါတယ်။ နောက်တစ်ခုက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့လည်း လာဖြေတဲ့အခါမှာ ပြီးခဲ့တဲ့ပထမအကြိမ် သက်တမ်းမှာ ဆိုင်းငံ့ခဲ့ရတဲ့ကိစ္စရပ်နဲ့ ယခု ဒုတိယအကြိမ်သက်တမ်းမှာ (ကျွန်တော်တို့သက်တမ်းမှာ) ခုနက ကျွန်တော်ပြောတဲ့ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှဆင်းသက်သည်ဆိုတဲ့ အခြေခံမူ အရ မပျောက်ရအောင် ကျွန်တော့်အနေနဲ့လည်း ရွေးကောက်ပွဲကော်မရှင်ကို ဒီဥပဒေရေးဆွဲဖို့ အကြောင်းကြားခဲ့ပါတယ်။ ဒါဟာ ပိုပြီးရှင်းလင်းလွယ်ကူအောင် ကျွန်တော် တင်ပြတာဖြစ်ပါတယ်။ အဲဒီတော့ ခုနက Power Point ထိုးတဲ့အခါမှာ တော်တော်လေးကောင်းပါတယ်။ Rule of Law နှင့် Rule by Law။ Rule of Law ဆိုတာကတော့ ပြည်သူတွေကို ခုနကလည်း ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းသွားတယ်။ တရားမျှမျှတတအုပ်ချုပ်တာ။ Rule by Law ဆိုတာကတော့ ပြည်သူတွေ အတွက်ကို အဓိမထားဘဲနဲ့ အာဏာရှိတဲ့သူက၊ အုပ်ချုပ်တဲ့သူက ကိုယ့်ရဲ့အလိုကျ ရေးဆွဲထားတဲ့ ဥပဒေတွေ။ ဒါ Rule by Law။ ခုနက Power Point မှာ တိတိလင်းလင်းထိုးထားတာတွေ့ရပါလိမ့် မယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကိုယ်စားလှယ်တွေအနေနဲ့ကလည်း ဒီမိုကရေစီကျင့်စဉ်အရ

ဒီမိုကရေစီကို မြတ်နိုးတယ်၊ တန်ဖိုးထားတယ်၊ လေးစားတယ်ဆိုရင် အဲဒီ Rule by Law တွေကို Rule of Law ဖြစ်အောင် ဝိုင်းဝန်းပြီးတော့ ကြိုးစားပေးပါ။ ဝိုင်းဝန်းပြီးတော့စဉ်းစားပေးပါ။ ဝိုင်းဝန်းပြီးတော့ အကောင်အထည်ဖော်ပေးပါလို့ အားလုံးကို ကျွန်တော် ဒီနေရာမှာ အသိပေးအကြောင်းကြားပါတယ်။

**ရွှေတောင်အမှတ်(၁) အထည်စက်ရုံ၏ အနာဂတ်စီမံကိန်းကို အကောင်အထည် ဖော်သည့်အချိန်နှင့် စီမံကိန်းပြီးစီးချိန်တို့တွင် ဒေသခံပြည်သူလူထုအနေနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်မှု အခြေအနေများကို ပြည့်စုံစွာသိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေတောင်မဲဆန္ဒနယ်မှ ဒေါ်မြခွာညိုဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မြခွာညိုဦး(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်မတို့ ရွှေတောင်မြို့မှာရှိတဲ့ စက်မှုဝန်ကြီးဌာနအောက်ရှိ အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)ရဲ့ အနာဂတ်စီမံကိန်းကို သိရှိလို၍ မေးမြန်းခြင်းဖြစ်ပါတယ်။ ၁၉၈၀ ကျော်နှစ်များနှင့် ၁၉၉၀ ပတ်ဝန်းကျင်နှစ်များကဆိုလျှင် ကျွန်မတို့ရွှေတောင်မြို့သူမြို့သားများသာမက ပြည်ခရိုင်အတွင်းရှိမြို့နယ်များ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးမှ မြို့နယ်အချို့ကပါ ပြည်သူအများလာရောက်ပြီးတော့ ရွှေတောင်ချည်မျှင်နှင့် အထည်စက်ရုံမှာ လာရောက်အလုပ်လုပ်ကိုင်ခဲ့ကြပါတယ်။ ဒါကြောင့် ဒေသခံများက ယခုထိ စိတ်ဝင်စားမှုရှိကြပါတယ်။ ဒါ့အပြင် စက်ရုံစတင်တည်ဆောက်စဉ်ကတည်းက သိမ်းဆည်းခဲ့ပြီးတော့ ၂၀၁၅ ခုနှစ်အထိ စီမံကိန်းအကောင်အထည်မဖော်ဘဲ ကျန်ရှိနေတဲ့မြေ ၁၇၄.၆၄ ဧကကို တောင်သူများက ပြန်လည်တင်ပြတောင်းခံတဲ့အခါမှာ သက်ဆိုင်ရာဌာနမှ စီမံကိန်းအကောင်အထည်ဖော်ဖို့ရှိပါတယ်။ ဒါကြောင့် မစွန့်လွှတ်ပါဘူးလို့ ပြန်လည်ဖြေကြားထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒေသခံပြည်သူများ စိတ်ဝင်စားတဲ့စက်ရုံကို မည်သည့်စီမံကိန်းများ အကောင်အထည်ဖော်မှာပါလဲ။ မည်သည့်အချိန်ကာလမှာ စီမံကိန်းစတင်မှာပါလဲ။ ဒီစီမံကိန်းစတင်တဲ့ အချိန်နဲ့ ပြီးစီးတဲ့အချိန်မှာ ဒေသခံပြည်သူများအတွက် ရရှိနိုင်မယ့်အကျိုးကျေးဇူးများကိုပါ ပြည့်ပြည့်စုံစုံသိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စက်မှုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးခင်မောင်ချို(ပြည်ထောင်စုဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဖြစ်ပါတယ်ခင်ဗျား။ ယခုအစည်းအဝေးမှာ ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦးရဲ့ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် အမှတ်(၁) အထည်စက်ရုံ၏ အနာဂတ်စီမံကိန်းကို တိကျပြည့်စုံစွာသိရှိလိုပြီး ထိုစီမံကိန်း အကောင်အထည်ဖော် သည့်အချိန်နှင့် စီမံကိန်းပြီးစီးချိန်တွင် ဒေသခံပြည်သူလူထုအနေနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်မှုအခြေအနေများကို ပြည့်စုံစွာသိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက် ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂)ရပ်တွင် ချမှတ် ထားသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန်ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ နိုင်ခြေရှိသောလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ်ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင် ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ပံ့ပိုးကူညီပေးရန်ဟူသည့် မူဝါဒနှင့်အညီ စက်မှုဝန်ကြီးဌာနသည် နိုင်ငံပိုင်စက်ရုံများကို အောင်မြင်မှုရရှိစေရန် စီမံဆောင်ရွက်လျက်ရှိရာတွင် အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)ကို ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများနှင့်ပူးပေါင်းကာ နည်းပညာအသစ်များ အသုံးပြု၍ အရည်အသွေး မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် အဆင့်နှစ်ဆင့်ဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပထမအဆင့်အနေဖြင့် အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)ကို ပြောင်းလဲလာသည့် ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ နည်းပညာနှင့် စက်ပစ္စည်းများအဆင့်မြှင့်တင်၍ အရည်အသွေးမြင့်မားသည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန် စက်ရုံရှိအချောကိုင်ဌာနအား ဂျပန်နိုင်ငံ Tsuyatomo Co.,Ltd နှင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိနေပါတယ်။ ယခုတင်ပြတာ အဝါရောင်လေးဖြစ်ပါတယ်ခင်ဗျား။ Tsuyatomo Co.,Ltd အနေဖြင့် Feasibility Study ပြုလုပ်လျက်ရှိပြီး ၂၀၁၇ ခုနှစ်၊ ဒုတိယ ခြောက်လပတ်အတွင်း စီမံကိန်းများကို စတင်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။

ဒုတိယအအဆင့်အနေဖြင့် စက်ရုံဧရိယာ မြေလွတ် ၁၂၇ ဧကအား ယခုတင်ပြပါပုံဖြစ်ပါတယ် ခင်ဗျား။ ချည်မျှင်နှင့်အထည်အထူးစက်မှုဇုန် Specialized Textile and Garment Zone အဖြစ် ဆက်လက်တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ အဆိုပါစက်မှုဇုန်တွင် ချည်မျှင်နှင့် အထည်လုပ်ငန်း၏ Supply Chain လုပ်ငန်းများအတွက် ဒေသခံလုပ်ငန်းရှင်များ အပါအဝင် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အမှတ်(၁)အထည်စက်ရုံ (ရွှေတောင်)ကို အမှီပြု၍ ရွှေတောင် ဒေသတွင် အထည်အလိပ်လုပ်ငန်းဆိုင်ရာ စက်မှုဇုန်တစ်ခုဖြစ်ပေါ်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရုံ သာမက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေမှာ ဖြစ်ပါတယ်။ ထို့အပြင် ချည်မျှင်နှင့်အထည်ထုတ်လုပ်မှုလုပ်ငန်းများတွင် လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သား များကို မွေးထုတ်ပေးနိုင်ရေးအတွက် Textile Vocational Training Center တစ်ခုကို ထည့်သွင်း တည်ဆောက်သွားမှာဖြစ်ပါတယ်။ အခုအစိမ်းရောင်ပုံလေးဖြစ်ပါတယ်ခင်ဗျား။ အဆိုပါ တည်ဆောက် ရေးလုပ်ငန်းများနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနိုင်ရန်အတွက် ခန့်မှန်းကာလ စုစုပေါင်းနှစ်နှစ်ခန့် ကြာမြင့်နိုင်မှာဖြစ်ပါတယ်။

ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်)နှင့်အတူ ပေါ်ထွန်းလာ မည့် အထည်အလိပ်လုပ်ငန်းဆိုင်ရာ စက်မှုဇုန်ရှိ ပြည်တွင်းပြည်ပနှင့်ဒေသခံလုပ်ငန်းများအကြား ကုန်ထုတ်လုပ်မှုကွင်းဆက်များ ချိတ်ဆက်မိပြီး မြန်မာနိုင်ငံ၏ အထည်အလိပ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုး တိုးတက်မှုနှင့်အတူ ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာမှာ ဖြစ်ပါ တယ်။ အထက်ပါလုပ်ငန်းစီမံကိန်းများအတွက် ဂျပန်နိုင်ငံ Tsuyatomo Co.,Ltd အပါအဝင် ပြည်တွင်းပြည်ပပညာရှင်များနှင့်ပူးပေါင်း၍ Feasibility Study ပြုလုပ်လျက်ရှိပြီး စီမံကိန်း အကောင်အထည်ဖော်မှုအစီအစဉ် Time Frame အား ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည် ပြုချက်ရယူ၍ လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအချိန်တွင် ဒေသဖွံ့ဖြိုးရေးအတွက် စက်ရုံ အနီးရှိ လျှပ်စစ်ဓာတ်အားမရရှိသေးသော အိမ်ခြေ ၁၃၂ လုံးနှင့် လူဦးရေ ၄၆၄ ဦးနေထိုင်လျက် ရှိကြသည့် ကြက်ဖြူတောင်ရွာအား မိမိစက်ရုံအစီအစဉ်ဖြင့် 100 KVA Transformer တစ်လုံး တပ်ဆင်၍ ကျေးရွာမီးလင်းရေးရရှိအောင် ဆောင်ရွက်ပေးထားပြီးဖြစ်ပါသဖြင့် ဒေသခံပြည်သူများ

**မူကြမ်း**

အနေဖြင့် ထိုက်သင့်သော အကျိုးကျေးဇူးများကို စတင်ခံစားနေကြရပြီဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ စက်မှုဝန်ကြီးဌာနဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**တိုင်းရင်းသားသတင်းမီဒီယာများအပါအဝင် ပုဂ္ဂလိကသတင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က မည်သို့ကူညီဆောင်ရွက်ပေးမည်ကိုသိလိုခြင်း၊ နိုင်ငံပိုင်သတင်းစာများသည် ပြည်သူ့ကိုယ်စားပြုသတင်းစာများအဖြစ်သို့ ရောက်ရှိနိုင်ရန် မည်သို့သော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ တိုင်းရင်းသား သတင်းမီဒီယာများအပါအဝင် ပုဂ္ဂလိကသတင်းမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံမှာ သတင်းအရင်းအမြစ်တွေ အားကောင်းလာသည်နှင့်အမျှ ပြည်သူတွေကအဖြစ်မှန်ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး မလိုလားအပ်တဲ့ ပြဿနာတွေမဖြစ်ဖို့၊ ပြဿနာကိုဖြေရှင်းရာမှာလွယ်ကူဖို့ အထောက်အကူဖြစ်မယ်လို့ ယုံကြည်တဲ့အတွက် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ ဥပမာ - မောင်တောအကြမ်းဖက်မှုဖြစ်စဉ်ကိုကြည့်ပါ။ ဒေသခံသတင်း မီဒီယာများအားနည်းမှုကြောင့် ဖြစ်လာရတဲ့ဆိုးကျိုးတွေကို နိုင်ငံတော်အစိုးရအနေနဲ့ အခုချိန်အထိ ဖြေရှင်းနေရဆဲဖြစ်တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ လက်ဦးမှုရယူသွားတဲ့ တစ်ဖက်မီဒီယာတွေရဲ့ ဝါဒဖြန့်ချိမှုကြောင့် နိုင်ငံတကာမှာ ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်များစွာ ထိခိုက်ခဲ့ပါတယ်။ နိုင်ငံနှင့်အဝန်းဖြစ်ပျက်နေတဲ့ အကြောင်းအရာတွေကို အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်၊ တိတိကျကျ သိရှိနိုင်ဖို့ဆိုရင် တိုင်းရင်းသားသတင်းမီဒီယာတွေ၊ ပုဂ္ဂလိကသတင်းမီဒီယာတွေ ဖွံ့ဖြိုးအားကောင်းလာဖို့ လိုပါတယ်။ ဒါပေမဲ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့မူဝါဒငါးရပ်၊ ရည်မှန်းချက် ၂၇ ချက်မှာ ပုဂ္ဂလိကသတင်းမီဒီယာများ အားကောင်းလာရေးအတွက် အားပေးဆောင်ရွက်ရန်ဆိုတဲ့ မူဝါဒဟာမပါရှိပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်မှာ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေတာနှင့်အညီ မီဒီယာအခန်းကဏ္ဍမှာ ပြုပြင်ပြောင်းလဲမှုများ၊ ဖြေလျှော့မှုများ ပြုလုပ်လျက်ရှိကြောင်း တွေ့မြင်နေရပါတယ်။ အထူးသဖြင့် စာနယ်ဇင်းများရေးသားပုံနှိပ်ထုတ်ဝေခွင့်ကို ဖြေလျှော့ပေးခဲ့တာကြောင့် ပုဂ္ဂလိကသတင်းစာနဲ့ ဂျာနယ်စောင်ရေများစွာ နိုင်ငံတော်ပိုင်သတင်းစာများနဲ့အပြိုင် ဈေးကွက်စီးပွားရေးစနစ်ကို ယှဉ်ပြိုင်ဝင်ရောက်ခဲ့ကြပါတယ်။ နိုင်ငံတော်ပိုင်သတင်းစာများအနေနဲ့ နိုင်ငံတော်ဘဏ္ဍာကိုသုံးစွဲနိုင်ခြင်း၊ ဝန်ကြီးဌာနများ၏ သတင်းအရင်းအမြစ်များကို အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာရရှိနိုင်ခြင်း၊ တစ်နိုင်ငံလုံးတွင် ကိုယ်ပွားသတင်းစာတိုက်များရှိနေခြင်း၊ ဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်များ၊ ဝန်ထမ်းခေါ်ယူသည့်ကြော်ငြာများ၊ တရားရုံးနှင့်ဆိုင်သော ကြော်ငြာများ၊ သာရေးနာရေးကြော်ငြာများ အလျှံအပယ်ရရှိနေခြင်း၊ ဈေးနှုန်းကို လျှော့ပြီးရောင်းချနိုင်ခြင်း၊ နိုင်ငံပိုင်အဆောက်အဦး၊ စက်ယန္တရား၊ ဝန်ထမ်းများဖြင့်လည်ပတ်နိုင်ခြင်းစတဲ့ အားသာချက်များရှိနေသော်လည်းပဲ တိုင်းရင်းသားနှင့် ပုဂ္ဂလိကသတင်းစာများ၊ ဂျာနယ်များမှာ အထက်ပါအခွင့်အရေးများမရှိခြင်းကြောင့် အချို့သတင်းဂျာနယ်များဟာ ဆက်လက်ရပ်တည်နိုင်ခြင်းမရှိဘဲ ပိတ်သိမ်းသွားရသကဲ့သို့ တချို့မှာ ခက်ခက်ခဲခဲနဲ့ ကြိုးစားပြီးရပ်တည်နေရပါတယ်။ ကျားနဲ့သမင်ကို လွတ်လပ်ခွင့်တန်းတူပေးပြီးတော့ ယှဉ်ပြိုင်ခိုင်းတဲ့ တောတွင်းဥပဒေမျိုးဖြစ်နေပါတယ်။ ဒီလိုတစ်ဖက်စောင်းတဲ့အခြေအနေဟာ နိုင်ငံပိုင်သတင်းစာများအနေနဲ့ သတင်းမီဒီယာစီးပွားရေးဈေးကွက်ကို လက်ဝါးကြီးအုပ်ပြီး အသာစီးရယူထားနိုင်တာကြောင့် တိုင်းရင်းသားနှင့်ပုဂ္ဂလိကသတင်းဂျာနယ်များမှာ မှေးမှိန်ပျောက်ကွယ်သွားပါတယ်။ ဈေးကွက်တင်ပြီး အသတ်ခံနေရတဲ့ အခြေအနေမျိုးကို ရောက်ရှိသွားပါတယ်။ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကသတင်းစာများဟာ ဖွံ့ဖြိုးတိုးတက်မှုဘက်ညီစေရန်နှင့် ပုဂ္ဂလိကသတင်းဂျာနယ်ထုတ်ဝေမှု အားကောင်းလာစေရန်အတွက် နိုင်ငံတော်ကလိုအပ်တဲ့ ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးသင့်ပါတယ်။ ရေဒီယို၊ ရုပ်သံ၊ ပုဂ္ဂလိကဒါတွေကတော့ အလှမ်းကွာဝေးနေတာကြောင့် အထူးပြောစရာမလိုပါဘူး။ ယခင်အစိုးရအဆက်ဆက်မှာ နိုင်ငံပိုင်သတင်းမီဒီယာများဖြစ်တဲ့ ရေဒီယို၊ ရုပ်သံနှင့် သတင်းစာများဟာ အစိုးရရဲ့ဝါဒဖြန့်ချိရေးယန္တရားတစ်ခုသာ ရှိနေခဲ့ပါတယ်။ အစိုးရကောင်းကြောင်းရေးသားပြီး နိုင်ငံရေးအတိုက်အခံများကို ထိုးနှက်တိုက်ခိုက်ခြင်း၊ အစိုးရရဲ့လက်ကိုင်ဓားအဖြစ် ပြည်သူများကရှုမြင်ကြပြီး ဒီမိုကရေစီစနစ်ဖြစ်လာတဲ့အခါမှာ ဒီလိုသမိုင်းကြောင်းမကောင်းလှတဲ့ ပြန်ကြားရေးဝန်ကြီးဌာနကိုတောင်မှ ဖျက်သိမ်းပေးလိမ့်မယ်လို့ ယူဆခဲ့ကြပါတယ်။ မျှော်လင့်ခဲ့ကြပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်အခါမှာ အထူးသဖြင့် နိုင်ငံပိုင်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများဟာ အရင်ကပုံစံမျိုးပဲ ဖြစ်နေပါတယ်။ အနှစ်သာရပြောင်းလဲမှုမရှိဘဲ အစိုးရသတင်းများကိုသာ ဦးစားပေးပြီးတော့ ဖော်ပြနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ပုဂ္ဂလိကသတင်း စာနယ်ဇင်းများကသာ ပြည်သူတစ်ရပ်လုံး စိတ်ဝင်စားနေတဲ့ သတင်းများကို မျက်နှာဖုံးမှာတင်ပြီး ကျယ်ကျယ်ပြန့်ပြန့်ရေးသားဖော်ပြနေတာကို တွေ့ရမှာဖြစ်ပါတယ်။ မကြာခင်သေးခင်က ဖြစ်ပျက်ခဲ့တဲ့ ရွှေ့နေကြီးဦးကိုနီ အသတ်ခံရတဲ့ အမှုကိုကြည့်ပါ။ လေယာဉ်ကွင်းမှာနေ့ခင်းကြောင်တောင် သေနတ်နှင့်ပစ်ပြီးတော့ အကြမ်းဖက်တာကို ပြည်သူများ အလွန်စိတ်ဝင်စားကြပါတယ်။ ဒါပေမဲ့ နောက်နေ့ ဇန်နဝါရီလ ၃၀ ရက်နေ့ နိုင်ငံပိုင်ကြေးမုံသတင်းစာ မှာနောက်ကျောဖုံးမှာ မထင်မရှား ကော်လန်ဝက် လောက်ပဲဖော်ပြတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ရှေ့မျက်နှာဖုံးမှာတော့ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ရဲ့ ချယ်ရီပင်စိုက်နေတဲ့သတင်းကို အပြည့်အဝဖော်ပြထားတာ တွေ့ရပါတယ်။ ဒီလိုပြည်သူများ သိချင်နေတဲ့သတင်းကို အရေးမကြီး သယောင်အဆင့်လျှော့ချလိုက်ခြင်းဟာ တစ်နည်းအားဖြင့် သတင်းအမှောင်ချတဲ့ နည်းလမ်းတစ်မျိုး ဖြစ်တယ်လို့ ယူဆပါတယ်။ ပုဂ္ဂလိကသတင်းဂျာနယ်မှာတော့ ဒါတွေကိုမျက်နှာဖုံးအဖြစ် အတိအကျဖော်ပြနေတာကို တွေ့ရပါတယ်။ ဒီလို ဒီမိုကရေစီပေါ် ပေါက်ရေး အတွက် အခက်အခဲမျိုးစုံကြားက ရဲရဲဝံ့ဝံ့ ဒီမိုကရေစီဘက်တော်သားတွေကို အောင်ပွဲခံနိုင်အောင် ဝိုင်းဝန်းပံ့ပိုးခဲ့တဲ့ ပုဂ္ဂလိကစာနယ်ဇင်းများရဲ့အခန်းကဏ္ဍကို မေ့လျော့မထားသင့်ပါဘူး။ ဒါကြောင့် ကျွန်တော်မေးမြန်းမည့် မေးခွန်းကတော့ မေးခွန်း(၁) တိုင်းရင်းသားသတင်းမီဒီယာများအပါအဝင် ပုဂ္ဂလိကသတင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ကမည်သို့ကူညီ ဆောင် ရွက်ပေးပါမည်နည်း။ နိုင်ငံပိုင်သတင်းစာများ၏ တစ်ချိန်က အစိုးရကိုယ်စားပြု ဝါဒဖြန့်ချိရေး သတင်းစာများဖြစ်ခဲ့ရာမှ ယခုအခါ ပြည်သူ့ကိုယ်စားပြုသတင်းစာများအဖြစ် ရောက်ရှိနိုင်ရန် မည်သို့သော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်

များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်းရဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဦးဖေသန်းရဲ့ မေးခွန်း ကို အခုနားထောင်ရတဲ့အခါမှာတော့ ကျွန်တော်ပိုပြီးတော့ နောက်ခံအနေအထားကို တိကျပြည့်စုံစွာ သိရပါတယ်။ နဂိုမူလစာဖြင့် သိရစဉ်ကတော့ မေးခွန်းသည် တိုင်းရင်းသားသတင်းမီဒီယာများ အပါအဝင် ပုဂ္ဂလိကသတင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က မည်သို့ ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း။ ဒါနံပါတ်(၁)ဖြစ်ပါတယ်။ ဒုတိယမေးခွန်းက နိုင်ငံပိုင် သတင်းစာများသည် တစ်ချိန်က အစိုးရကိုယ်စားပြု ဝါဒဖြန့်ချိရေးသတင်းစာများ ဖြစ်ခဲ့ကြရာ ယခုအခါ ပြည်သူ့ကိုယ်စားပြု သတင်းစာများအဖြစ်သို့ ရောက်ရှိနိုင်ရန် နိုင်ငံတော်မှ မည်သို့သော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိသည်ကို သိရှိလိုခြင်း အဲဒီလိုဖြစ်ပါတယ်။ သို့သော် အခု ဦးဖေသန်းမေးမြန်းတဲ့ အခါမှာတော့ သူပြောတဲ့နောက်ခံအကြောင်းအရာတွေကို ခုမှသိရှိရပါတယ်။ သို့သော် လွှတ်တော်ကိုယ်စားလှယ်ကြီးဦးဖေသန်းမေးမြန်းတဲ့မေးခွန်းများသည် ယခင်ကလည်းပဲ ကျွန်တော်တို့ သတင်းမီဒီယာလောကက ပုဂ္ဂိုလ်များ အကြိမ်ကြိမ်အဖန်ဖန်မေးမြန်းတဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ အကြိမ်ကြိမ်အဖန်ဖန်ဖြေကြားပြီးသားများလည်း ဖြစ်ပါတယ်။ သို့သော် ယခု မေးခွန်းကို၊ မူလမေးခွန်းကိုအခြေပြုပြီးတော့ အခုဖြည့်စွက်ပြောဆိုထားတာများနဲ့ ဆက်စပ်ပြီး ကျွန်တော်ဖြေကြားပါမယ်။

မေးခွန်းများကိုမဖြေကြားခင် ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် အစိုးရအဖွဲ့အစည်းများရဲ့ သတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေမှုများကို ဦးစွာတင်ပြလိုပါတယ်။ အစိုးရသစ်တက်လာပြီးတဲ့နောက်ပိုင်းမှာ ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်အဖွဲ့တွေ ဖွဲ့စည်းပြီး အဆိုပါ ပြေရေးဆိုခွင့်ရပုဂ္ဂိုလ်တွေအတွက် လိုအပ်တဲ့သတင်းမီဒီယာများနဲ့ ဆက်ဆံပြောဆိုမှုဆိုင်ရာ သင်တန်းများကိုလည်း ကျွန်တော်တို့ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ပြီးနောက် ဒီမဏ္ဍိုင်များနဲ့ သတင်း မီဒီယာများ ထိတွေ့ဆက်ဆံနိုင်မှု ပိုမိုချောမွေ့လွယ်ကူစေရေးအတွက် သတင်းအချက်အလက် ရယူခြင်းနှင့်ပတ်သက်တဲ့ စိန်ခေါ်မှုများ အလုပ်ရုံဆွေးနွေးပွဲဆိုတာကိုလည်း ပြန်ကြားရေးဝန်ကြီး ဌာနမှာ ပြုလုပ်ပေးခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရုံးနှင့် ဝန်ကြီးဌာနများက ပြောရေးဆိုခွင့်ရပုဂ္ဂိုလ်တွေ၊ တာဝန်ရှိသူတွေအပြင် မြန်မာ

နိုင်ငံသတင်းမီဒီယာ ကောင်စီကပုဂ္ဂိုလ်များပါ တက်ရောက်ပြီးတော့ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ကြပါတယ်။

အလားတူပဲ နိုင်ငံတော်သမ္မတရုံးနဲ့ နိုင်ငံတော်အတိုင်ပင်ခံရုံးအပါအဝင် ဝန်ကြီးဌာနအသီးသီးမှ Website တွေ၊ Face book တွေထားရှိပြီး နောက်ဆုံးရသတင်းများကို ထုတ်ပြန်ပေးလျက်ရှိသလို ဝန်ကြီးဌာနအလိုက် ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ်တွေကလည်းပဲ ပြည်တွင်းပြည်ပမီဒီယာများရဲ့ မေးမြန်းချက်တွေကို ဖြေကြားပေးလျက်ရှိပါတယ်။ ဒါ့အပြင် နောက်ဆုံးရသတင်းများနဲ့ ပတ်သက်ပြီးတော့ သိရှိလိုတာတွေကို မေးမြန်းနိုင်ဖို့အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှာ ပြောရေးဆိုခွင့်အဖွဲ့ထဲက အရာရှိကြီးနှစ်ဦးရဲ့ ရုံးဖုန်းနဲ့ လက်ကိုင်ဖုန်း၊ အီးမေးလ်တွေကို ဖော်ပြကြေညာပေးပြီးတော့ မေးမြန်းသမျှကိုလည်း ဖြေကြားခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါတွေကို တင်ပြရတာ နိုင်ငံပိုင်သတင်းမီဒီယာများရော၊ ပုဂ္ဂလိကသတင်းမီဒီယာများပါ သတင်းရယူပိုင်ခွင့် တစ်ပြေးညီရရှိစေရေးအတွက် ဆောင်ရွက်ပေးနေမှုကို သိသာစေရန် တင်ပြခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီး ပထမမေးခွန်းဖြစ်တဲ့ တိုင်းရင်းသားသတင်းမီဒီယာများ အပါအဝင် ပုဂ္ဂလိကသတင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနဲ့စပ်လျဉ်းပြီး ဆောင်ရွက်ပေးနေမှုအခြေအနေကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ သတင်းစာ ၃၉ စောင် ထုတ်ဝေခွင့်ပြုခဲ့ပါတယ်။ အဲဒီထဲမှာ တိုင်းရင်းသားသတင်းမီဒီယာတွေအနေနဲ့ အထူးပြုပြီးပြောမယ်ဆိုရင် ချင်းတိုင်းရင်းသားဘာသာနဲ့ ထုတ်ဝေတဲ့သတင်းစာ လေးစောင်ပါဝင်ပါတယ်။ ပြီးနောက် ဂျာနယ် ၄၇၆ စောင်ခွင့်ပြုခဲ့တဲ့အထဲမှာ တိုင်းရင်းသားဘာသာဂျာနယ်အစောင် ၄၀ ပါပါတယ်။ မဂ္ဂဇင်း ၃၇၀ ခွင့်ပြုခဲ့တဲ့အထဲမှာ တိုင်းရင်းသားဘာသာမဂ္ဂဇင်း ခုနစ်စောင်ပါဝင်ပါတယ်။ ယခုအချိန်ထိမှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ အထွေထွေပုံနှိပ်လုပ်ငန်းများနဲ့ သတင်းအေဂျင်စီလုပ်ငန်းများ လျှောက်ထားသူပေါင်း ၃၄၃၁ ဦးရှိတဲ့အနက် ၃၄၂၉ ဦး နှစ်ခုမှအပကို ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဆိုလိုချင်တာက သတင်းမီဒီယာများ လွတ်လပ်စွာဆောင်ရွက်နိုင်အောင်အတွက်ကို ဆောင်ရွက်ပေးနေတဲ့အချက်တွေကို ဖော်ပြခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၁၂ ခုနှစ် ဩဂုတ်လကစတင်ပြီး စာမူတွေကြိုတင်စိစစ်တဲ့စနစ်ကို ပယ်ဖျက်ခဲ့ပြီးတဲ့နောက်မှာ လွတ်လပ်စွာရေးသားထုတ်ဝေခွင့်တွေ ရရှိခဲ့ပါတယ်။ အဲဒီတော့ လွတ်လပ်ပြီးအမှီအခိုကင်းတဲ့မီဒီယာတွေ ထွက်ပေါ်လာဖို့နဲ့ မြန်မာမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက်

ပြန်ကြားရေးဝန်ကြီးဌာန၊ UNDP၊ UNESCO၊ IMS၊ DW Academic၊ Action Aid၊ Article 19၊ USAID အစရှိတဲ့ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂနှင့် တိုင်းရင်းသားမီဒီယာတွေပူးပေါင်းပြီးတော့ Conference တွေ၊ Seminar တွေ၊ workshop, dialogue စသဖြင့်တွေ ကျင်းပြုလုပ်ခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲများ၊ ညီလာခံများမှတစ်ဆင့် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်နဲ့ မီဒီယာနယ်ပယ်အသီးသီးမှာ လက်ရှိကြုံတွေ့နေရတဲ့ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ပွင့်ပွင့်လင်းလင်း တိုင်ပင်ဆွေးနွေးအဖြေရှာနိုင်ခဲ့ကြပါတယ်။

နောက်တစ်ခု တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးအနေနဲ့ တိုင်းရင်းသားများ၊ မီဒီယာများစုပေါင်းပါဝင်တဲ့ (BNI-Burma News International) အဖွဲ့ကို နိုင်ငံအတွင်းမှာ မီဒီယာလုပ်ကိုင်ခွင့်၊ တိုင်းရင်းမီဒီယာညီလာခံများ ကျင်းပပြုလုပ်ခြင်းများကိုလည်းပဲ အားပေးကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်ကစတင်ပြီး တိုင်းရင်းမီဒီယာညီလာခံတွေကို နှစ်စဉ်ကျင်းပခဲ့တဲ့အခါမှာ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ ချင်းပြည်နယ် ဟားခါးမြို့တို့နဲ့ပြီးခဲ့တဲ့ စတုတ္ထအကြိမ်မြောက်ကတော့ ရခိုင်ပြည်နယ် မြောက်ဦးမြို့မှာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလက ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီညီလာခံများမှာ တိုင်းရင်းသားမီဒီယာသမားများရဲ့ လိုလားချက်တွေကို ဆွေးနွေးဖော်ထုတ်နိုင်ခဲ့ကြပါတယ်။ တိုင်းရင်းသားပုံနှိပ်မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်နေမှုကို ဖြည့်စွက်ပြီးပြောလိုပါတယ်။ ဒီထဲမှာ မော်လမြိုင်မှာရှိတဲ့ ကိုယ်ပွားသတင်းစာတိုက်မှာ တိုင်းရင်းသားတို့ရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှုသတင်းတွေ၊ ဓာတ်ပုံ၊ ဆောင်းပါးတွေကို မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်ဘာသာတွေနဲ့ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ရောင်စုံစာမျက်နှာ လေးမျက်နှာနဲ့ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများမှာ ထည့်သွင်းထုတ်ဝေဖြန့်ချိပေးလျက်ရှိပါတယ်။

နောက်တစ်ခုက ပြန်ကြားရေးဝန်ကြီးဌာနမှာ စောစောက တိုင်းရင်းသားမီဒီယာအဖွဲ့ ၁၀ ဖွဲ့ကတာဝန်ရှိတဲ့ပုဂ္ဂိုလ်များနှင့်တွေ့ဆုံပြီး တိုင်းရင်းသားမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်မယ့်အစီအစဉ်တွေလည်း ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲကရရှိတဲ့ရလဒ်များကို အခြေခံပြီး တိုင်းရင်းသားအဖွဲ့အစည်းများနဲ့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား မှာရောနိုင်ငံပိုင်သတင်းစာများမှာပါ ထည့်သွင်းလုပ်ဆောင်နိုင်မယ့်အစီအစဉ်များ ညှိနှိုင်းဆဲဖြစ်ပါတယ်။

**မူကြမ်း**

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ တစ်ဖက်မှာ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပုဂ္ဂလိကမီဒီယာများ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနဲ့ စာအုပ်ဈေးရောင်းပွဲတော်၊ ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်ပွဲတော် စသည်များ ကျင်းပပြုလုပ်ခဲ့ပါတယ်။ လက်ရှိမှာတိုင်းရင်းသားစာပေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်ပြီး စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲနဲ့ စာအုပ်ဈေးရောင်းပွဲတော်တို့ကို ကျင်းပပြုလုပ်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအတွက် ပထမအကြိမ်ညှိနှိုင်း အစည်းအဝေးကို ၁၀-၁၁-၂၀၁၆ ရက်နေ့မှ ရန်ကုန်မြို့၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်း အဝေးခန်းမမှာကျင်းပပြုလုပ်တဲ့အခါမှာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီများမှ ကိုယ်စားလှယ်များအပါအဝင် ကိုယ်စားလှယ်စုစုပေါင်း ၁၆၆ ဦး တက်ရောက်ခဲ့ပါတယ်။ ဒါတွေက တိုင်းရင်းသားမီဒီယာများ၊ စာပေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေတာတွေကို တင်ပြခြင်း ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားပါ့မယ်။ ကျွန်တော်တို့အစိုးရသည် ပြည်သူကရွေးချယ်လိုက်တဲ့ ပြည်သူ့အစိုးရဖြစ်တဲ့အတွက် ကျွန်တော်တို့ အစိုးရရဲ့ မူဝါဒများနဲ့ ဆောင်ရွက်ချက်များကို ပြည်သူများပြန်လည်သိရှိစေရန်အတွက် နိုင်ငံပိုင်သတင်း စာများမှာ နေ့စဉ်ဖော်ပြပေးပြီး ပြည်သူ့ကိုယ်စားပြုသတင်းစာများအဖြစ် အများအားဖြင့် ရပ်တည် လျက်ရှိပါတယ်။ တစ်နည်းပြောရရင် မိမိတို့အစိုးရအနေနဲ့ ပြည်သူတို့အကျိုးစီးပွားအတွက် ချမှတ် ထားတဲ့မူဝါဒများကို ဘယ်လိုဘယ်ပုံဘယ်နည်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေတယ် ဆိုတာ ကို ပြည်သူထံသတင်းစာများကတစ်ဆင့် အစီရင်ခံနေတဲ့သဘောဖြစ်ပါတယ်။ တစ်ဖက်မှာ ဒီမိုကရေစီ စနစ်ထွန်းကားအောင်မြင်ဖို့အတွက် မတူညီတဲ့အယူအဆတွေနဲ့ ငြိမ်းချမ်းစွာယှဉ်ပြိုင်ရပ်တည်နိုင်ဖို့နဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တွေရရှိဖို့လည်း လိုအပ်ပါတယ်။ ဒီ့အတွက်ကြောင့်မို့လို့ သတင်းစာ များမှာ ဖော်ပြတဲ့အခါမှာ အစိုးရရဲ့လုပ်ဆောင်ချက်များသာမဟုတ်ဘဲ ပြည်သူများရဲ့သဘောထား၊ ထင်မြင်ယူဆချက်များကိုပါ ဖော်ပြပေးလျက်ရှိပါတယ်။ ယခုအစိုးရသစ်လက်ထက်မှာ နိုင်ငံပိုင်မီဒီယာ များရဲ့ ဖော်ပြတင်ဆက်မှုများသည် အစိုးရဝါဒဖြန့်ပုံစံသဘောမျိုးမဟုတ်ဘဲ ပြည်သူနဲ့အစိုးရကြား အပြန်အလှန် ထိတွေ့ဆက်ဆံနေတဲ့ ကြားခံယန္တရားသဖွယ် ဆောင်ရွက်ပေးနေခြင်းသာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ သတင်းမီဒီယာကျင့်ဝတ်နဲ့အညီ သတင်းတိကျမှု ခိုင်မာမှုတွေကို ပိုမိုလုပ်ဆောင် ပြီး ပြည်သူ့အကျိုးပြုသတင်းများကို အမြန်ဆုံးဖော်ပြနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မူကြမ်း**

ပြည်သူများ၏ဆန္ဒနဲ့ ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရရဲ့လုပ်ဆောင်ချက်တွေကို ပြည်သူကို ပြန်လည်တင်ပြတဲ့သဘောအနေနဲ့ သတင်းစာများမှာ ဖော်ပြပေးတာဖြစ်ပါတယ်။ ဒီ့အပြင် ပြည်သူများ ထံက ပြန်လည်ထောက်ပြနေမှုတွေကိုလည်းပဲ ဖော်ပြပေးလျက်ရှိပါတယ်။ ပြည်သူများက မိမိတို့ရဲ့ သဘောထားအမြင်တွေကို လွတ်လပ်စွာထုတ်ဖော်နိုင်ဖို့အတွက် နိုင်ငံပိုင်သတင်းစာတစ်ခုဖြစ်တဲ့ ကြေးမုံသတင်းစာမှာ သတင်းစာရဲ့အာဘော်မဟုတ်ဘဲ ပြင်ပစာရေးသူတို့ရဲ့အမြင်အာဘော်ကို ဖော်ပြပေးတဲ့ ပြည်သူ့သဘောထားစင်မြင့်ဆိုတဲ့ကဏ္ဍအသစ်တစ်ရပ်ကိုလည်း အပတ်စဉ်ဖော်ပြပေးနေ တာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ လူငယ်များရဲ့သဘောထားများကို တင်ပြနိုင်ဖို့အတွက် မျိုးဆက် သစ်ရင်ပြင်ဆိုတဲ့ကဏ္ဍအသစ် ဖွင့်လှစ်ပေးထားတာရှိပါတယ်။ ဒါက အနာဂတ်စာပေပညာရှင်များပေါ် ထွန်းလာရေးနှင့် ကလေးအရွယ်ပါမကျန် စာဖတ်ဝါသနာပါရှိစေရေးအတွက် ဆောင်ရွက်နေတာတွေ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံပိုင်သတင်းစာများသည် ပြည်သူနဲ့အစိုးရကြားပေါင်းကူးဆောင်ရွက်ပေးမယ့် မီဒီယာဗဟုဝါဒကျင့်သုံးပြီး ပြည်သူများသတင်းအမှန်၊ ဖြစ်ရပ်အမှန်သိစေဖို့၊ ပြည်သူများ အသိပညာဗဟုသုတရရှိစေဖို့နှင့် အကိုးအကားပြုစေနိုင်မယ့် ခိုင်မာသော သတင်းအချက်အလက်များ ရရှိဖို့ကိုသာ ဆောင်ရွက်ပေးလျက်ရှိတဲ့အကြောင်း၊ အဲဒီလိုဆောင်ရွက်ပေးတဲ့ ပြည်သူ့ကိုယ်စားပြု သတင်းစားများဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အခုလို ဝန်ကြီးအနေနဲ့ ဖြေကြားပေးတာကို များစွာ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်မေးခွန်းကတော့ ခေါင်းစဉ်မပြောင်းပါဘူး။ အဲဒီမေးခွန်းနှစ်ခုကိုပဲ မေးတာပါ။ ဒါပေမဲ့ ပြောဆိုတဲ့အခါမှာတော့ ပိုပြီးတော့ နောက်ဆုံးရသတင်းလေးတွေကို ထည့်ပြီးတော့ ပြောခြင်းဖြစ်ပါတယ်။ ခေါင်းစဉ်နဲ့တော့ မလွဲပါဘူး။ အဲဒီတော့ ကျွန်တော်ပြောလိုတာက ဝန်ကြီးက ဖြေကြားတဲ့နေရာမှာ ပုံနှိပ်ထုတ်ဝေခွင့်ကို လွတ်လွတ်လပ်လပ်ပေးထားတယ်။ အဲဒါကို ကျွန်တော် လက်ခံပါတယ်။ နောက်ပြီးတော့ သတင်းမီဒီယာတွေ ဖွံ့ဖြိုးဖို့အတွက် ပညာပေးလုပ်ငန်းတွေ၊ ဆွေးနွေးပွဲတွေ၊ ဖိုရမ်တွေလုပ်ပေးတယ်ဆိုတာလည်း လက်ခံပါတယ်။ ကျွန်တော်ပြောလိုတဲ့ ရည်ရွယ်ချက်က စျေးကွက်စီးပွားရေးစနစ်မှာ ပုဂ္ဂလိကမီဒီယာတွေနဲ့ နိုင်ငံပိုင်သတင်းမီဒီယာတွေ

ယှဉ်ပြိုင်ပြီးတော့ ထုတ်ဝေတဲ့အခါမှာ ရုပ်သံတို့၊ ဟိုဒင်းတို့ထားပါတော့။ အဲဒါတွေကတော့ ပုဂ္ဂလိကတွေ လက်လှမ်းမမီတဲ့ကိစ္စပါ။ ဒီသတင်း၊ စာနယ်ဇင်းလုပ်ငန်းမှာ အစိုးရဘက်ကကျတော့ အများကြီးအသာစီးရနေတယ်။ ပုဂ္ဂလိကဘက်ကကျတော့ နိုင်ငံတော်က လုံးဝအထောက်အကူ မပေးဘူး။ ဆိုတော့ အဲဒီနေရာမှာ တဖြည်းဖြည်းနဲ့ ပုဂ္ဂလိကသတင်းမီဒီယာတွေက တိမ်မြုပ် သွားပါတယ်။ သူတို့အခက်အခဲတွေကိုလည်း ကျွန်တော်တို့ နားထောင်ခွင့်ရပါတယ်။ တကယ့်ကို ကြိုးစားပမ်းစားနဲ့ ရပ်တည်နေတာတောင်မှ အခြေအနေမဟန်ပါဘူး။ ဘာလို့လည်းဆိုတော့ အခုနက ကျွန်တော်တင်ပြခဲ့တဲ့ အသာစီးရနေမှုတွေများလို့ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့မြင်တာက အစိုးရဗဟိုပြုသတင်းစာကနေ ပြည်သူ့ဗဟိုပြုသတင်းစာဖြစ်ဖို့ဆိုရင် ကိုယ့်တစ်ယောက်တည်း၊ ကိုယ့်မီဒီယာတစ်ခုတည်း လုပ်နေလို့မရဘူး။ ပုဂ္ဂလိကသတင်းမီဒီယာတွေနဲ့ပူးပေါင်းပြီးတော့ နှစ်ဖက် ဘက်မျှအောင် ကူညီပေးနိုင်မယ်ဆိုရင် ပိုပြီးတော့ခရီးရောက်မယ်၊ တာရှည်သွားမယ်လို့ ယူဆပါတယ်။ ဒါမှမဟုတ်ရင် ဒီပုဂ္ဂလိကသတင်းမီဒီယာတွေက ပျောက်သွားပြီး နိုင်ငံတော်သတင်းစာတွေကပဲ ကြီးမိုးသွားပြီးတော့ တကယ့်သတင်းအရင်းအမြစ်တွေဟာ တစ်ချိန်ချိန်မှာ ပွင့်ပွင့်လင်းလင်းမသိဘဲ ပျောက်ဆုံးသွားနိုင်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ အခုနကပြောတဲ့ကိစ္စကိုပြောတာပါ။ ယှဉ်ပြိုင်မှုဘက်မညီဘူးဆိုတဲ့ကိစ္စကို ပြောပြီးတော့ ဒီပုဂ္ဂလိကသတင်းမီဒီယာတွေကို ဖွံ့ဖြိုးအောင် နိုင်ငံတော် က ဘယ်လိုကူညီမလဲ၊ ငွေကြေးအားဖြင့် ကူညီမလား။ ဒါတွေကို ကျွန်တော်တို့က လိုချင်ပါတယ်။ အဲဒီလိုမဟုတ်ဘူးဆိုရင်တော့ ပုဂ္ဂလိကသတင်းမီဒီယာတွေ ဘယ်လိုပဲမြေတောင် မြှောက်ပေးတယ်ပြောပြော တစ်ချိန်ချိန်မှာ သူတို့အနေနဲ့ နိဂုံးချုပ်သွားပါမယ်။ ဥပမာ- သားသမီးကို မွေးထုတ်လိုက်ရုံနဲ့ မပြီးသေးဘူး။ ကျွန်တော်တို့က အစာကျွေးရဦးမယ်။ ကြီးလာရင် မိဘရဲ့စီးပွားရေး ကို လက်လွှဲပြောင်းပေးရဦးမယ်။ အဲဒါမျိုးပါ။ ဒါကြောင့် ဆက်စပ်မေးချင်တာကတော့ သတင်းစာ ယှဉ်ပြိုင်တဲ့နေရာမှာ အသာစီးရထားတဲ့ တရားရုံးတွေရဲ့ ကြော်ငြာတွေနဲ့ပတ်သက်ပြီးတော့ နိုင်ငံပိုင် သတင်းစာတွေမှာ ကြော်ငြာတယ်ဆိုတာ တရားဝင်တယ်ဆိုတာ ဟုတ်ပါသလားလို့တစ်ချက်ပါ။ နောက် အစိုးရရဲ့သတင်းများကို နိုင်ငံပိုင်မျက်နှာဖုံးသတင်းစာတွေမှာ ထည့်ပေးရမယ်။ အဲဒီမူရှိပါသလား တစ်ချက်မေးချင်ပါတယ်။ နောက်ပြီးတော့ တိုင်းရင်းသား ၁၃၅ မျိုးအတွက် ရေဒီယို FM များ ထုတ်လွှင့်မယ့်အစီအစဉ်ရှိပါသလား။ အဲဒါလေးတွေကို ဖြေကြားပေးပါ။ အဲဒီလို ထုတ်လွှင့်မယ့် အစီအစဉ်ကို တိုင်းရင်းသားတွေအကုန်လုံးမရှိသေးခင်မှာ နိုင်ငံသားမဟုတ်တဲ့သူတွေရဲ့ New FM ကို ဘယ်လို။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။ ပထမ ဦးဆုံး ဖြေကြားချင်တာက နိုင်ငံပိုင်သတင်းစာများသည် စောစောက ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း ကျွန်တော်တို့အစိုးရသည် ပြည်သူကရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်များက တစ်ဆင့် ဖွဲ့စည်းပေးထားတဲ့အစိုးရဖြစ်ပါတယ်။ အဲဒီတော့ ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူကို အစီရင်ခံဖို့ တာဝန်ရှိသလို အစိုးရအဖွဲ့အစည်းသည် မိမိဆောင်ရွက်နေတဲ့ကိစ္စရပ်များကို ပြည်သူကို အစီရင်ခံဖို့ တာဝန်ရှိပါတယ်။ အဲဒီတော့ ဒီကနေ့ နိုင်ငံပိုင်သတင်းစာများ ထုတ်ဝေနေတာသည် ပြည်သူကို အစီရင်ခံဖို့အတွက် ရည်ရွယ်ပြီးတော့ ဆောင်ရွက်နေတာလို့ နားလည်စေချင်ပါတယ်။ အဲဒီတော့ ပြည်သူကိုအစီရင်ခံဖို့အတွက် အခုလိုသတင်းစာများ ထုတ်ဝေနေတာဖြစ်တဲ့အတွက် ကြောင့်မို့လို့ သို့တည်းမဟုတ် အစိုးရနှင့်ပြည်သူအကြား ဆက်သွယ်ပေါင်းကူးဖို့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါသည်စီးပွားရေးရှုထောင့်က လုပ်ကိုင်နေတဲ့ကိစ္စ မဟုတ်ဘူးဆိုတာကိုလည်းပဲ နားလည်စေချင်ပါတယ်။ ဒါကြောင့်မို့လို့ အစိုးရသတင်းစာများသည် ပုဂ္ဂလိကသတင်းစာများနှင့် ဈေးကွက်မှာ ယှဉ်ပြိုင်ဖို့ဆိုတဲ့ဟာ ရည်ရွယ်ချက်လည်းမရှိပါဘူး။ ဒါကို ကျွန်တော်တို့ အဲဒီလိုရှုထောင့်က စဉ်းစားသုံးသပ်ခြင်းသည်လည်း မဆီလျော်ပါဘူးလို့ ပြောချင် ပါတယ်။ ပုဂ္ဂလိကသတင်းစာများ လုပ်ကိုင်ခွင့်ပေးပါတယ်။ ပေးလာတဲ့အတွက်ကြောင့်မို့လို့ သတင်းစာပေါင်း အခုအခါမှာ နေ့စဉ်ထုတ်သတင်းစာ စောစောက ဂျာနယ်၊ မဂ္ဂဇင်းပေါင်းကတော့ ရာချီပြီးတော့ ရှိနေပါတယ်။ နေ့စဉ်ထုတ်သတင်းစာက ၃၉ စောင် ခွင့်ပြုထားပြီးဖြစ်ပါတယ်။ သို့သော် အဲဒီသတင်းစာများသည် ဈေးကွက်သဘောတရားအရ ဤသတင်းစာများသည် အခုနှစ်ပိုင်းထဲမှာ မရှေးမနှောင်းဆိုသလို၊ ပြိုင်တူဆိုသလို ပေါ်ပေါက်လာကြတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဈေးကွက် မှာတော့ အခက်အခဲတွေရှိနေတာကို ကျွန်တော်တို့နားလည်ပါတယ်။ သို့သော် အများပြည်သူက သိပ်ပြီးတော့ နှစ်သက်သဘောကျလက်ခံတဲ့ သတင်းစာများသည် ရှင်သန်လာမှာ ဖြစ်ပါတယ်။ အစိုးရသတင်းစာရှိနေတဲ့အတွက်ကြောင့်မို့လို့ ပုဂ္ဂလိကသတင်းစာများအတွက် ရပ်တည်ဖို့ သိပ်ပြီး ခက်ခဲသွားမယ်၊ တိမ်မြုပ်သွားနိုင်တယ်၊ ပျောက်ကွယ်သွားနိုင်တယ်ဆိုတဲ့အထိ စိုးရိမ်ပူပန် စရာတော့ မလိုပါဘူးလို့ ကျွန်တော်ရှင်းလင်းတင်ပြလိုပါတယ်။ နောက်တစ်ခုက ရေဒီယိုအစီအစဉ်များနှင့် ပတ်သက်လို့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ရုပ်သံအစီအစဉ်များကို တိုင်းရင်းသားများအတွက် လည်း တတ်နိုင်သရွေ့ ဘဏ္ဍာရန်ပုံငွေရှိတဲ့အပေါ်မှာမူတည်ပြီး တဖြည်းဖြည်းတိုးချဲ့ပြီးတော့

**မူကြမ်း**

ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်ခပ်စောစော ယခင့်တစ်ကြိမ်က ဒီနေရာမှာလာပြီးတော့ ရှင်းလင်းဖြေကြားတဲ့အခါမှာလည်းပဲ ကျွန်တော်တို့ရုပ်သံဖမ်းယူခွင့်ရရှိဖို့ ဘယ်ဒေသ၊ ဘယ်နေရာတွေ မှာတော့ နောက်ထပ် ထပ်ဆင့်လွှင့်စက်ရုံတွေ ကျွန်တော်တို့ထုတ်လွှင့်ပေးပါမယ်ဆိုတဲ့အကြောင်းနဲ့ ဘယ်နေရာတွေမှာတော့ ထပ်ဆင့်လွှင့်အစီအစဉ်တွေသည် ဘယ်နှစ်ဘတ်ဂျက်ကျတော့မှပဲ ကျွန်တော်တို့ ဖွင့်လှစ်ပေးနိုင်မယ်ဆိုတဲ့အကြောင်း စသဖြင့်တင်ပြခဲ့ပါတယ်။ ကျွန်တော်တို့နဲ့ရှိတဲ့၊ ရှားပါးတဲ့ဘဏ္ဍာငွေအခြေအနေပေါ်မူတည်ပြီးတော့ တဖြည်းဖြည်းနဲ့ တတ်နိုင်သမျှကိုတိုးချဲ့ပြီး ဆောင်ရွက်နေရတာဖြစ်ပါတယ်။ ရေဒီယိုများနဲ့ပတ်သက်လို့လည်းပဲ တိုးချဲ့ဖွင့်လှစ်ပေးဖို့ အစီအစဉ် တွေရှိပါတယ်။ ပုဂ္ဂလိကရေဒီယို၊ အဖွဲ့အစည်းများရဲ့ရေဒီယိုတွေလည်းပဲ ထုတ်လွှင့်ခွင့်ရအောင် ဆောင်ရွက်ပေးဖို့တွေ ရှိပါတယ်။ အဲဒါအတွက်ကကျတော့ ကျွန်တော်တို့ ရုပ်သံဆိုင်ရာဥပဒေရှိပါ တယ်။ ရုပ်သံဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးတဲ့အခါမှာ အဲဒီရုပ်သံဥပဒေမှာပါဝင်တဲ့ ရုပ်သံကောင်စီ ရှိလာတဲ့အခါမှာ စောစောကပြောခဲ့တဲ့ FM ရေဒီယို အပါအဝင်အခြားရုပ်သံအစီအစဉ်တွေသည် လည်းပဲ သူ့စည်းမျဉ်းစည်းကမ်းချက်နဲ့အတူ ပေါ်ပေါက်လာမှာဖြစ်တယ်ဆိုတဲ့အကြောင်း ကျွန်တော် ရှင်းလင်းဖြေကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒီမိုကရေစီစနစ် ဖော်ဆောင်ရာတွင် နိုင်ငံသားများ ဒီမိုကရေစီအလေ့အကျင့်ရစေရန်နှင့် ပြည်သူ လူထုအသိအမြင်မှန်စေရန် လုပ်ဆောင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသော ပရိသတ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့်မေးခွန်းကတော့ ဒီမိုကရေစီစနစ် ဖော်ဆောင်တဲ့နေရာမှာ နိုင်ငံသားတွေ ဒီမိုကရေစီအလေ့အကျင့်ရစေရန်နှင့် ပြည်သူ လူထု အသိအမြင်မှန်စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ လုပ်ဆောင်ဖို့အစီအစဉ်ရှိ/မရှိ ဆိုတာကို မေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော်တို့က အခု ဒီမိုကရေစီစနစ်ဆိုတာ အစိုးရအဖွဲ့ တစ်ဖွဲ့ တည်းက ဆောင်ရွက်အကောင်အထည်ဖော်ပေးရတာမဟုတ်ပါဘူး။ နိုင်ငံသားတွေအားလုံး တက်ညီ လက်ညီအကောင်အထည်ဖော်ကြရတာဖြစ်ပါတယ်။ အဲဒီအခါကျတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံမှာ

လည်း လောကပါလတရားနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတယ်လို့ ပြောထားပါတယ်။ အဲဒီအခါကျတော့ ဒီ ဒီမိုကရေစီစနစ်ကိုအကောင်အထည်ဖော်တဲ့နိုင်ငံသားတွေဟာ အခု ပြောတဲ့ လောကပါလတရား တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီညွတ်ခြင်းဆိုတာတွေကို ဘယ်လောက်သိကြပါပြီလဲ။ ဒီမိုကရေစီရဲ့သဘောတရား ပြည်သူလူထုအုပ်ချုပ်ခြင်းဆိုတာကို ကျွန်တော်တို့နိုင်ငံသားတွေ ဘယ်လောက်နားလည်ကြပါပြီလဲ။ ဒီမိုကရေစီရဲ့အခြေခံမူ။ ဥပမာတစ်ခုဆိုရင် ပြည်သူလူထုပူးပေါင်းပါဝင်မှု၊ နောက် ဒီမိုကရေစီရဲ့ ယဉ်ကျေးမှုဖြစ်တဲ့ စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းသဘောတရားတွေကို ကျွန်တော်တို့ နိုင်ငံသားတွေ ဘယ်လောက်အထိ သိကြပါပြီလဲ။ လိုက်နာကျင့်သုံးနိုင်ကြပါပြီလဲဆိုတာက ဒီမိုကရေစီအကောင်အထည်ဖော်မှု၊ အောင်မြင်မှု၊ မအောင်မြင်မှုကို လာပြီးတော့ ရိုက်ခတ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ရင်တောင်မှပဲ သေသေချာချာ သိပြီးမှ လုပ်မှသာ တည်တည်ငြိမ်ငြိမ်နဲ့ အောင်မြင်တာပါ။ လုပ်ရင်းနဲ့ သိလာတာတွေရှိပေမဲ့ နစ်နာဆုံးရှုံးမှုတွေဖြစ်တတ်ပါတယ်။ ဒါကြောင့် ပြည်သူလူထု ဒီမိုကရေစီဖော်ဆောင်ဖို့အတွက် သိအောင် ဒီမိုကရေစီစနစ်ကိုဖော်ဆောင်နေတဲ့၊ ဦးဆောင်နေတဲ့အစိုးရတစ်ရပ်က အဆင်ပြေစွာအကောင်အထည်ဖော်နိုင်ဖို့အတွက်ကို ပြည်သူကို ကျယ်ကျယ်ပြန့်ပြန့် သတင်းနှင့်ပတ်သက်ပြီးကျယ်ကျယ်ပြန့်ပြန့် မြန်မြန်ဆန်ဆန်၊ သတင်းခိုင်ခိုင်မာမာ ပညာပေးနိုင်တာ ပြန်ကြားရေးဝန်ကြီးဌာနတစ်ခုတည်းရှိတဲ့ အတွက်ကြောင့် ကျွန်တော် ဒါကို မေးမြန်းရခြင်းဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရခြင်းရဲ့ ရည်ရွယ်ချက်မှာကိုက ပြည်သူကို စိတ်ချလုံခြုံရတဲ့ဘဝရစေချင်လို့ပါ။ အဲဒီတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်ရဲ့ အခြေခံမူများ ပုဒ်မ ၄ မှာဆိုရင် နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်လို့ ဖော်ပြထားပါတယ်။ အဲဒီတော့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ နိုင်ငံသားများက ဆင်းသက်မှသာလျှင် ပြည်သူ့ဘဝစိတ်ချရမယ်ဆိုတာကို နိုင်ငံသားများကို အသိပေးစေလိုပါတယ်။ ဒီမိုကရေစီစနစ်ကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်မှသာလျှင် ကျွန်တော်တို့ ပြည်သူတွေရဲ့ဘဝ လုံခြုံမှုရမှာပါ။ အဲဒီအတွက်ကြောင့် ပြည်သူတွေရဲ့ဘဝ စိတ်ချရဖို့၊ ပြည်သူတွေရဲ့ဘဝ လုံခြုံမှုရဖို့ဆိုရင် စောစောကပြောတဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာ နိုင်ငံသားတွေက ဆင်းသက်ဖို့နဲ့ ဒီမိုကရေစီစနစ်စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်အောင် ပြည်သူတွေကိုယ်တိုင်သိဖို့ကို ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးစေလိုတဲ့အတွက်

ကြောင့် ယခုရော ဆောင်ရွက်နေတာရှိပါသလား။ ရှေ့ဆက်ရော ဘာတွေဆောင်ရွက်ဖို့ရှိပါသလဲဆိုတာကို သိချင်တဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဖေမြင့်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးရဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ဒီမိုကရေစီစနစ်ဖော်ဆောင်ရာမှာ နိုင်ငံသားများ ဒီမိုကရေစီအလေ့အကျင့်ရစေရန်နှင့် ပြည်သူလူထုအသိအမြင်မှန်စေရန် လုပ်ဆောင်ပေးနိုင်ဖို့အစီအစဉ်ရှိ/မရှိ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းခဲ့တဲ့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦးကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒီမိုကရေစီစနစ်ဖော်ဆောင်ရာမှာ နိုင်ငံသားတိုင်း ဒီမိုကရေစီအလေ့အကျင့်ရှိဖို့ လိုအပ်ပါတယ်။ ဒီအလေ့အကျင့်ရဖို့အတွက် နိုင်ငံသားတိုင်းမှာ အသိ၊ ဉာဏ်ပညာအခြေခံရှိဖို့ လိုပါတယ်။ အဲဒီတော့ မြန်မာမှာရှိတဲ့ အလိမ္မာစာမှာရှိ ဆိုတဲ့ဆိုရိုးစကားနဲ့အညီ မြို့နယ်၊ ကျေးရွာတွေမှာ ပညာဆီမီးတန်ဆောင် ထွန်းညှိနိုင်ဖို့ စာကြည့်တိုက်တွေကို ပြန်ကြားရေးဝန်ကြီးဌာနက ဖွင့်လှစ်ပေးထားပါတယ်။ လူတိုင်း စာပေဖတ်ရှုလေ့လာတဲ့ အလေ့အကျင့်ကောင်းတွေ ရရှိလာရင် အသိပညာ၊ အတွေးအခေါ်၊ အယူအဆတွေ မှန်ကန်ရင့်သန်လာပြီး နိုင်ငံတော်ကဖော်ဆောင်နေတဲ့ ဒီမိုကရေစီလမ်းကြောင်းမှာ တည့်မတ်စွာ လိုက်ပါနိုင်မှာဖြစ်ပါတယ်။ ယခုအစိုးရသစ်ရဲ့ ပြည်သူကိုမျက်နှာမူခြင်း မူဝါဒအရ ပြည်သူများထံကို အသိပညာနဲ့ သတင်းအချက်အလက်တွေ မှန်ကန်စွာ ပေးပို့နိုင်ဖို့ မီဒီယာများက ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးရပါတယ်။ ဒီမိုကရေစီစနစ်ဖော်ဆောင်ရာမှာ ပြည်သူအားလုံးပါဝင်လာစေဖို့အတွက် ပြည်သူများကိုယ်တိုင် ဒီမိုကရေစီအလေ့အကျင့်နဲ့ မှန်ကန်တဲ့သတင်းအချက်အလက်တွေ၊ အသိပညာတွေ ရရှိစေဖို့ ပြန်ကြားရေးဝန်ကြီးဌာနသည် ပညာပေးရန်၊ ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်ဆိုတဲ့ ရည်မှန်းချက်တာဝန် ၃ ရပ်ကို ပွင့်လင်းမြင်သာမှု၊

တာဝန်ခံမှု၊ တာဝန်ယူမှုရှိရှိနဲ့ အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်အောင် ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်။

ဒီမိုကရေစီစနစ်ဖော်ဆောင်ရာမှာ ပြည်သူအားလုံးက လွတ်လပ်မှုကို အဓိပ္ပာယ်ကောက်လွဲပြီး တလွဲဖော်ဆောင်မှုမရှိအောင်နဲ့ ဒီမိုကရေစီရဲ့ကျင့်စဉ်နဲ့ အလေ့အထကို ပြည်သူလူထုကသိရှိပြီး ပူးပေါင်းပါဝင်လာမှသာလျှင် ထိရောက်အောင်မြင်မှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှ လူတစ်ဦး ချင်းစီနဲ့ အဖွဲ့အစည်းအသီးသီးတို့ကြားမှာ မတူတဲ့သဘောထားအမြင်များရှိနိုင်တယ်ဆိုတဲ့အချက်ကို လက်ခံနားလည်ပြီး အများစုရဲ့အားနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အလေ့အကျင့်ရှိဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံပိုင်မီဒီယာများကို အစိုးရဘက်ကနေ တစ်ဖက်သတ်ပြောနေတာမျိုးမဟုတ်ဘဲ အများပြည်သူဘက်က ပြန်လည်ပြောဆိုတဲ့အသံတွေ၊ အထင် အမြင်တွေ၊ ရေးသားချက်တွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြပေးလျက်ရှိပါတယ်။ ပြည်သူများ ဒီမိုကရေစီအလေ့အကျင့်ရရှိရေးနဲ့ အသိအမြင်မှန်ကန်ရေးတို့မှာ အထောက်အကူပြုစေဖို့အတွက် လည်း ဆောင်ရွက်ပေးနေတာတွေရှိပါတယ်။ ဒီထဲမှာ ဥပမာအနေနဲ့ပြောရရင် ရုပ်မြင်သံကြားနဲ့ ရေဒီယိုတွေမှာ ဒီမိုကရေစီစိတ်ထားအစီအစဉ်၊ ပြည်သူ့နီတိအစီအစဉ်နဲ့ ဥပဒေရေးရာအဖြာဖြာ အစီအစဉ်တွေကို ပုံမှန်အစီအစဉ်များအဖြစ်နဲ့ ထုတ်လွှင့်ပြသပေးနေတာရှိပါတယ်။ သတင်းစာများမှာ ပြည်သူ့သဘောထားစင်မြင့်အပါအဝင် ပြင်ပဆောင်းပါးရှင်တွေရဲ့အာဘော်တွေကို ထည့်သွင်းပေးခြင်း များလည်း ဆောင်ရွက်လျက်ရှိပါတယ်။ သည့်အပြင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့အထိ မြန်မာ့ဒီမိုကရေစီရုပ်ရှင် ရက်သတ္တပတ်ပွဲတော်ကျင်းပနိုင်ရေးအတွက် ဒီမိုကရေစီ လမ်းကြောင်းကို အထောက်အပံ့ဖြစ်စေမယ့် ရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲ များ ရိုက်ကူးနိုင်ဖို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ အနုပညာရှင်၊ အတတ်ပညာရှင် များနှင့် တွေ့ဆုံပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အလားတူပဲ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ရုံးများ မှာ စာကြည့်တိုက်တွေ ဖွင့်လှစ်ပေးပါတယ်။ မြို့နယ်ရုံးများမှာ စာကြည့်တိုက်တွေဖွင့်လှစ်ပေးပါတယ်။ စာပေရေးချမ်းစင်နဲ့ နံရံကပ် စာပေရေချမ်းစင်အိတ်တွေ ဆောင်ရွက်ပေးနေပါတယ်။ လက်ကမ်း စာစောင်တွေဖြန့်ဝေတယ်။ နံရံကပ်စာစောင်နဲ့ ပြပွဲပြခန်းတွေ ခင်းကျင်းပြသတာတွေ လုပ်ပါတယ်။ အဲဒီလို အများပြည်သူဝန်ဆောင်တဲ့အလုပ်တွေကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီ့အပြင်မှာ အဲဒီပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး စာကြည့်တိုက်တွေကို နဂိုမူလပုံသဏ္ဍာန်

ကနေပြီးတော့ လူမှုအခြေပြုဗဟိုဌာန (Community Centre) တွေ၊ လူမှုအခြေပြုစာကြည့်တိုက် (Community Library) တွေအဖြစ်ကို အဆင့်မြှင့်တင်ပြီး ပြည်သူလူထုက စိတ်ဝင်စားတဲ့၊ ပြည်သူလူထုက လိုအပ်ရင်အကူအညီတောင်းခံနိုင်တဲ့၊ ပြည်သူလူထုက ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးတိုင်ပင်ချင်တဲ့အခါများမှာ အသုံးပြုနိုင်တဲ့၊ စုဝေးနိုင်တဲ့၊ အသုံးဝင်တန်ဖိုးရှိတဲ့နေရာတွေအဖြစ် ပုံဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ပြီးတဲ့နောက် အဲဒီနေရာတွေမှာ စာအုပ်ပြပွဲ၊ စာဖတ်ဝိုင်း၊ ဟောပြောပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနဲ့ ကျပန်းစကားပြောပြိုင်ပွဲများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီ့အပြင် နိုင်ငံတော်အဆင့် စာပေဆုတွေထဲမှာလည်းပဲ အထူးသဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်တဲ့ စာပေဗိမာန်စာမူဆုတွေမှာ ဒီမိုကရေစီနဲ့ပတ်သက်တဲ့ စာကောင်းပေမွန်တွေ ဖတ်ရှုနိုင်ဖို့ ဘာသာပြန်စာမူများအတွက် ပြဋ္ဌာန်းချက်တွေမှာ ထည့်သွင်းယှဉ်ပြိုင်စေတာတွေလည်း ပြုလုပ်လျက်ရှိပါတယ်။ ပြီးတဲ့နောက် ဒီကနေ့ လူငယ်များ အသိအမြင်ကြွယ်ဝစေမယ့် စာအုပ် ၁၀၀ အစီအစဉ်လို အစီအစဉ်မျိုးတွေလည်းဖော်ထုတ်ပြီးတော့ ထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီ့အပြင် ကျွန်တော် စောစောက မေးခွန်းမှာဖြေကြားခဲ့တဲ့ ခေါင်းစဉ်မျိုးစုံနဲ့ စာတမ်းဖတ်ပွဲတွေ၊ စာအုပ်ဈေးရောင်းပွဲတော်တွေလည်း ကျင်းပပေးခြင်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ ကိုယ်စားလှယ်တော်ကြီးအမိန့်ရှိတဲ့ နိုင်ငံသားများ ဒီမိုကရေစီအလေ့အကျင့်ရရှိရေးနှင့် ပြည်သူလူထုအသိအမြင်မှန်ကန်စေရေး၊ သတင်းအချက်အလက်နှင့် အသိပညာဖြန့်ဝေခြင်းလုပ်ငန်းများကို ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ပင်မလုပ်ငန်းတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်က ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ ပညာပေး အစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက် ထည့်သွင်းလျာထား၍ စနစ်တကျပညာပေး အစီအစဉ်များပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါ်ယဉ်မင်းလှိုင်အား အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ကျွန်မဒီနေ့တင်သွင်းမယ့်အဆိုကတော့ ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ ပညာပေးအစီအစဉ် များအတွက် သီးသန့်ဘတ်ဂျက်ထည့်သွင်းလျာထား၍ စနစ်တကျပညာပေးအစီအစဉ်များ ပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံအနေနဲ့ ပြည်သူလူထုအား အသိပညာများ ဖြန့်ဝေပေးဖို့ တာဝန်ကို အဓိကအနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနကသာ တာဝန်ယူဆောင်ရွက်နေကြောင်း သိရှိရပါ တယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းစာနှင့်စာအုပ်စာပေ များနှင့် Radio Channel၊ TV Channel များမှ ပြည့်စုံစွာထည့်သွင်းပညာပေးနေသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။ သို့သော်လည်း ရည်ရွယ်သလောက် ထိရောက်အောင်မြင်မှုအားနည်းနေတာ ကို တွေ့ရပါတယ်။ ကျွန်မတို့ပြည်သူများအနေနဲ့ အပန်းဖြေအနားယူချိန်မှာ ဖျော်ဖြေရေးကဏ္ဍများကို သာ အဓိကရွေးချယ်ကြည့်ရှုကြပါတယ်။ ပညာပေး Channel များထုတ်လွှင့်ပေးနေကြောင်း သိရှိနေ မေမဲ့ ကြည့်ရှုသူအလွန်နည်းပါးသည်ကိုလည်းကောင်း၊ ပညာပေးစာအုပ်စာပေ လေ့လာလိုက်စားမှု အားနည်းနေသည်ကိုလည်းကောင်း အားလုံးအသိပင်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့ကိုယ်စားလှယ် တစ်ဦးဖြစ်သော မိမိအနေဖြင့် ပိုမိုထိရောက်သော၊ ပြည်သူကိုအမှန်တကယ်အသိပညာပေးနိုင်သော ပညာပေးအစီအစဉ်များကို ဌာနဆိုင်ရာအသီးသီးမှဝန်ထမ်းများကိုယ်တိုင် ပြည်သူတို့နှင့်ထိတွေ့ပညာ ပေးနိုင်ပါရန် သီးသန့်ဘတ်ဂျက်ထည့်သွင်းလျာထား၍ စနစ်တကျပြုလုပ်သင့်တယ်လို့ ယူဆပါတယ် ရှင်။ ဥပမာအားဖြင့် တင်ပြရရင် ကျွန်မရဲ့မဲဆန္ဒနယ်မှာ စိုက်ပျိုးရေးနည်းပညာများဖြင့်ဖြစ်စေ၊

သစ်တောဥပဒေများနှင့်ဖြစ်စေ၊ မူးယစ်ဆေးဝါး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစသည်တို့နှင့်ဖြစ်စေ၊ ကျန်းမာစွာနေထိုင်စားသောက်သော လူနေမှုပုံစံအသိပညာများကိုဖြစ်စေ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများအနေဖြင့် ပြည်သူလူထုနှင့်ထိတွေ့ပညာပေးခြင်းဟာ အလွန်ထိရောက်ကြောင်းတွေ့ရှိရပေမဲ့ အချို့သောဌာနများသာ တာဝန်သိသိနဲ့ကြိုးစားပညာပေးကြပြီးတော့ အချို့သောဌာနများကတော့ ဝန်ထမ်းအင်အားနှင့်ဘတ်ဂျက်အခက်အခဲကို အကြောင်းပြ၍ ဤသို့ပညာပေးခြင်းကို ပြုလုပ်မှုအားနည်းကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါ။ ဒါကတော့ ကျွန်မရဲ့မဲဆန္ဒနယ်မှာရှိတဲ့ ခရိုင်ပြည်သူ့ရဲတပ်ဖွဲ့ရဲ့ထိရောက်မှုရှိတဲ့ မှုခင်းပညာပေးအစီအစဉ်များဖြစ်ပါတယ်။ ဒါ မူးယစ်ဆေးဝါးအန္တရာယ်ကို ကျောင်းသူကျောင်းသားတွေကို ပြန်လည်ပညာပေးဟောပြောနေတာဖြစ်ပါတယ်။ မှုခင်းကျဆင်းရေးဟောပြောနေတာ ဖြစ်ပါတယ်။ ဒါသက်ငယ်မုဒိမ်းမှုနှင့်ပတ်သက်ပြီး ပညာပေးနေတာဖြစ်ပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးနေတာ ဖြစ်ပါတယ်။ ဒါက ပညာပေးလက်ကမ်းစာစောင်တွေ ဖြန့်ဝေနေတာ ဖြစ်ပါတယ်။ Home Basic လုပ်ငန်းတွေဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီနေရာမှာ တွေ့ရှိရတာက ကျောင်းသူကျောင်းသားများ နှင့် ပြည်သူများကို ယခုလို ကွင်းဆင်းထိတွေ့ပညာပေးခြင်းသည် သက်ဆိုင်ရာဌာနဝန်ထမ်းများ၏ ပြည်သူ့အပေါ်ထားရှိသော စေတနာ၊ မေတ္တာကိုပေါ်လွင် ထင်ရှားစေခြင်း၊ ပြည်သူတို့ရဲ့အာရုံစိုက်မှုကို အကြွင်းမဲ့ရရှိခြင်း၊ သေချာစွာနားမလည်သော ပြည်သူများမှ ပြန်လည်မေးမြန်းခွင့်၊ ဆွေးနွေးခွင့်၊ အကြံပြုခွင့်ရရှိခြင်း၊ ကျောင်းသူကျောင်းသား မျိုးဆက်သစ်ကလေးငယ်များအနေဖြင့် ပြည်သူ့ဝန်ထမ်းများ၏ စနစ်ကျသော၊ စမတ်ကျသော ဝတ်စားဆင်ယင်မှု၊ နွေးထွေးချိုသာသော အပြောအဆိုယဉ်ကျေးသောအမူအရာတို့ကို တွေ့ရှိရ၍ ပြည်သူ့ဝန်ထမ်းများအပေါ် ယုံကြည်အားထားမှု၊ အထင်ကြီးလေးစားမှုများဖြင့် လူငယ်များလမ်းမှားမရောက်အောင် ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် တချို့သော ဌာနဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းဥပဒေတွေဟာ သာမန်ပြည်သူတွေနဲ့ လက်လှမ်းမမီနိုင် နားမလည် မသိရှိနိုင်ပါဘူးရှင်။ ဥပမာ ကျွန်မရဲ့မဲဆန္ဒနယ်မှာဆိုရင် chain-saw နှင့်လက်ဝယ်တွေ့ရှိရင် ထောင်ဒဏ်အထိ ချလို့ရတဲ့ဥပဒေရှိတာကို နှစ်ကာလကြာရှည်ပေမယ့် တော်တော်များများမသိရှိကြပါဘူး။ မိမိတို့ ဒေသအတွက် ကျွန်း၊ ပိတောက်၊ တမလမ်းတို့သည် နိုင်ငံရဲ့အခွန်ငွေတွေအတွက် ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာကိုလည်း တော်တော်များများမသိကြပါဘူး။

အစုအဖွဲ့ပိုင်သစ်တောများကို ငွေရှင်၊ ကြေးရှင်များသာမက မိမိတို့ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်လျှောက်ထားလို့ရကြောင်းကိုလည်း မသိရှိကြပါဘူး။

စိုက်ပျိုးရေးမှာဆိုရင်လည်း တောင်သူအများစုသုံးစွဲနေတဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးတွေ သုံးစွဲပုံတွေဟာ မြန်မာလိုရေးထားတာ မရှိသလောက်ရှားပါတယ်။ ဆေးဘယ်လိုဖြန်းရမယ်။ ဖြန်းပြီး ရင်ဘယ်နှရက်ကြာမှ ခူးဆွတ်ရမယ်။ စားသုံးရမယ်။ ရောင်းချရမယ်ဆိုတာတွေကို သက်ဆိုင်ရာ ထုတ်လုပ်ရောင်းချတဲ့ ကုမ္ပဏီများက အင်္ဂလိပ်လိုရေးထားရင် အင်္ဂလိပ်လိုတတ်တဲ့သူတောင်မှ သုံးစွဲ ထားတဲဝေါဟာရအသုံးအနှုန်းများဟာ သာမန်လူသိရှိနားလည်ဖို့ မလွယ်ကူပါဘူး။ ဒါတွေကို သက်ဆိုင်ရာတာဝန်ရှိဝန်ထမ်းများအနေနဲ့ တောင်သူတွေအစိုက်များတဲ့ ကောက်ပဲသီးနှံစိုက်ပျိုးသင့်တဲ့ နည်းပညာတွေ၊ သုံးစွဲမှုများတဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများရဲ့အသုံးပြုပုံတွေကို လူကိုယ်တိုင် ဖြစ်စေ၊ လက်ကမ်းစာစောင်များနှင့်ဖြစ်စေ ပညာပေးနိုင်ပါက တောင်သူများ များစွာအကျိုးရှိမည် ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာဘာသာနှင့် ဆေးအညွှန်းများလည်း ထည့်သွင်းမှတ်ပုံတင်စေသင့်ပါ တယ်။ ဒါ့အပြင် ပြည်သူများနှင့် ကျောင်းသူကျောင်းသားများကို မူခင်းဆိုင်ရာပညာပေးများ စနစ်တကျ ပြုလုပ်နိုင်ပါက မူးယစ်ဆေးဝါးသုံးစွဲမှုကိုလည်းကောင်း လူကုန်ကူးမှု၊ သက်ငယ်မုဒိမ်းမှု၊ အရက်သေစာ သောက်စားခြင်း အစရှိသဖြင့် များစွာထိန်းချုပ်ထိန်းကြောင်းနိုင်မယ်လို့ ယူဆပါတယ်။ နောက်တစ်ခု ကတော့ ၂-၂-၂၀၁၇ ရက်နေ့ ကျွန်မတို့ ပြည်သူ့လွှတ်တော်အတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး ခဲ့ကြတဲ့ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ဖွယ်ရာများကိစ္စမှာ ဥပဒေနှင့်ထိန်းကျောင်း တဲ့အပြင် တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဆရာဦးမြင့်လွင်ဆွေးနွေးသွားသလိုပဲ ငွေကြေးလည်း မချမ်းသာ၊ အသိပညာလည်းမလုံလောက်တဲ့ကိစ္စကို ငွေကြေးချမ်းသာအောင် လုပ်မပေးနိုင်ရင်တောင်မှ အသိပညာလုံလောက်စေဖို့က ကျွန်မတို့ ပြည်သူ့ကိုယ်စားလှယ်များနှင့် ပြည်သူ့ဝန်ထမ်းများရဲ့ အဓိကကျတဲ့တာဝန်ဖြစ်ပါတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရမှာ အာဟာရသည် ပြုပြင်လို့အရဆုံး ကျန်းမာရေး အခြေခံအကျဆုံးဖြစ်လို့ ကျန်းမာစေအောင်၊ နေထိုင်စားသောက် တက်အောင်ပညာပေးခြင်း၊ မရောင်းချသင့်၊ မစားသုံးသင့်တဲ့ အစားအစာတွေကို မီဒီယာမှာတင် ကြေညာမနေဘဲ ဈေး၊ ကျောင်း၊ ရပ်ကွက်ရုံး၊ ဘူတာ၊ ကားဂိတ်အစရှိတဲ့ အများပြည်သူနှင့် သက်ဆိုင်တဲ့နေရာတွေမှာ ကြော်ငြာဘုတ်များထားရှိ ကြော်ငြာခြင်း၊ စာစောင်များဝေငှခြင်းတို့ဟာ အလွန်ထိရောက်တဲ့အပြင် ဆိုင်ရာဝန်ထမ်းတို့က သရုပ်ပြခြင်း၊ ဟောပြောခြင်းများပြုလုပ်နိုင်ရင် များစွာစိတ်ဝင်စားပြီး အကျိုးရှိထိရောက်မှာဖြစ်ပါတယ်။

**မူကြမ်း**

နောက်ထပ်တစ်ခုကတော့ အနာဂတ်ရဲ့မျိုးဆက်သစ်ကလေးသူငယ်များ၊ ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များရဲ့စာရိတ္တမဏ္ဍိုင်အတွက်လည်း ငယ်စဉ်ကပင် သက်ဆိုင်ရာ ကိုးကွယ်တဲ့ ဘာသာတရားတိုင်းမှာပါရှိတဲ့ ကိုယ်ချင်းစာတရားတွေ၊ ကောင်းမွန်တဲ့ကိုယ်ကျင့်တရား တွေ၊ အမိနိုင်ငံကိုချစ်ခင်မြတ်နိုးပြီး နိုင်ငံတော်အကျိုးကိုလိုလားတဲ့စိတ်တွေ အနည်းဆုံးဆရာမိဘ အပေါ် ရိုသေကိုင်းရှိုင်းမှု၊ အချင်းချင်းကူညီစောင့်ရှောက်တတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ အမှိုက် ကိုစနစ်တကျစွန့်ပစ်မှု၊ အကျင့်ကောင်းစာရိတ္တကောင်းများကိုလည်းကောင်း၊ တရားသဖြင့် ပိုင်ဆိုင်မှုကို သာ တန်ဖိုးထားပြီး မတရားသဖြင့်ရရှိတဲ့ပိုင်ဆိုင်အတွက် ရှုံ့ရှာရှက်ရွံ့တက်ဖို့ စာရိတ္တပိုင်းဆိုင်ရာများ ကိုလည်းကောင်း သီးသန့်အချိန်ပေး၍ ကျင့်ဝတ်ပိုင်းဆိုင်ရာပညာပေးခြင်းများ ပြုလုပ်သင့်ပါတယ်။ ကျွန်မတို့အနေနဲ့ နိုင်ငံကိုပြုစုပျိုးထောင်ကြရာမှာ ရုပ်ဝတ္ထုပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုတွေကို ငွေရှိပါက အချိန်မရွေးပြုလုပ်နိုင်ပါတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ကျင့်ဝတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်း ဆိုင်ရာပညာပေးမှုများဟာ ငယ်ရွယ်စဉ်ကပင် မိဘ၊ ဆရာသမား ပတ်ဝန်းကျင်ရဲ့ဆုံးမပဲ့ပြင် ပညာပေး သွန်သင်မှုတို့ဟာ နိုင်ငံရဲ့အသက်လို့ တင်စားရလောက်အောင် အရေးကြီးပါတယ်ရှင်။ နောက်ဆုံး တစ်ခုကတော့ နိုင်ငံရဲ့အသက်သွေးကြောဖြစ်တဲ့ ဝန်ထမ်းများနှင့်သက်ဆိုင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ ကို အငြိမ်းစားဝန်ထမ်းအိုကြီးများ လုပ်သက်ရင့်၊ ဝါရင့်၊ ကျွမ်းကျင်ဝန်ထမ်းများက (၁) နိုင်ငံအပေါ် သစ္စာရှိအောင်၊ (၂) နိုင်ငံ့တာဝန်ကိုသိရှိကြေပွန်အောင်၊ (၃) စဉ်ဆက်မပြတ်ဆက်လက်သင်ယူလိုစိတ် ရှိအောင်၊ (၄) တီထွင်ဆန်းသစ်လိုတဲ့စိတ်ကူးဉာဏ်တွေရှိအောင်၊ (၅) ပြည်သူလူထုအကျိုးကို သယ်ပိုး ဆောင်ရွက်လိုစိတ်ရှိအောင်၊ (၆) ပြည်သူ့ဝန်ထမ်းဘဝကို တန်ဖိုးထားဂုဏ်ယူတတ်စေရန် အစရှိသည် တို့ကို အခါအားလျော်စွာ ဆွေးနွေးပညာပေးနိုင်ပါက တိုင်းပြည်ဝန်ထမ်းကောင်းများစွာ ထွက်ပေါ် လာပြီးတော့ အလွန်အကျိုးရှိမှာဖြစ်ကြောင်းကို တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ပညာပေးအစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက်ထည့်သွင်းလျာထားရာမှာ ကုန်ကျ မည့်ဘတ်ဂျက်အတွက် စဉ်းစားဖွယ်ရာဖြစ်သော်လည်း ဤသို့အနည်းငယ်မျှသော ငွေကြေးအကုန် အကျခံကာ ပညာပေးမှုအတွက် ရရှိတဲ့အကျိုးအမြတ်ဟာ ကုန်ကျမှုနဲ့မနှိုင်းယှဉ်လောက်သာလောက် အောင် အကျိုးကျေးဇူးကြီးမားတာကို မှန်းဆသိရှိနိုင်ကြမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက်ထည့်သွင်းလျာထား၍ စနစ်တကျ ပညာပေးအစီအစဉ်များပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လေးစားစွာတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ယဉ်မင်းလှိုင်တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဂန့်ဂေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့ ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ အသိပညာပေးအစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက်များ လျာထား၍ စနစ်တကျပညာပေးအစီအစဉ်များ ပြုလုပ်ပေးပါရန်နှင့် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံ ပြည်သူလူထု အများစုဟာ အသိပညာ၊ အတတ်ပညာအင်မတန်နည်းပါးပြီး အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်မှုအင်မတန် နည်းပါးနေတာကို တွေ့နေရပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုလို့ရှိရင် ငယ်စဉ်ကလည်း ပညာကိုဆုံးခန်းတိုင်အောင် မသင်ကြားခဲ့ရ၊ ကြီးလာပြန်တော့လည်း မိသားစုဘဝစားဝတ်နေရေးနှင့်သာ လုံးလည်လိုက်ရုန်းကန်နေရပြီး တခြားဘာကိုမှ စိတ်ဝင်စားချိန်မရှိအောင် ဖြစ်နေခဲ့ရပါတယ်။

နိုင်ငံသူနိုင်ငံသားတွေအနေနဲ့ ထမင်းငတ်လို့မသေခဲ့ပေမဲ့လည်း အသိငတ်လို့ ဘဝတွေ နာရီတိုင်း၊ မိနစ်တိုင်းမှာ အကြိမ်ကြိမ်လည်းသေခဲ့ရပြီး ဖြစ်ပါတယ်။ သေနေဆဲလည်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ပြည်သူလူထုတွေရဲ့ဘဝ ပြန်လည်ရှင်သန်နိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့အစိုးရသစ် လက်ထက်မှာ ပြည်သူတွေကို အသိပညာကျွေးဖို့လိုအပ်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတစ်နိုင်ငံရဲ့ ဂုဏ်သိက္ခာနဲ့ နိုင်ငံတစ်နိုင်ငံရဲ့အဆင့်အတန်းဟာ နိုင်ငံသူနိုင်ငံသားတွေရဲ့အသိပညာ၊ အတတ်ပညာ ရှိမှုအပေါ်မှာ မူတည်နေပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူလူထုကို ဌာနဆိုင်ရာများမှ အသိပညာပေး အစီအစဉ်များပြုလုပ်ပေးရန် လိုအပ်နေပြီဖြစ်ပါတယ်။

သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများအနေဖြင့် အသိပညာပေးမှု၊ ဆွေးနွေးမှု၊ ဟောပြောမှုများပြုလုပ်နေတာဟာ ထိရောက်မှုအားနည်းနေသေးတာကိုလည်း တွေ့နေရပါတယ်။ ဌာနဆိုင်ရာများအနေဖြင့် အသိ ပညာပေးဟောပြောမှုတွေ၊ ပညာပေးမှုတွေပြုလုပ်ရာမှာ ဌာနဆိုင်ရာနည်းဥပဒေတွေ၊

ဥပဒေများနှင့် ပတ်သက်၍လည်းကောင်း၊ နည်းပညာအသိပညာပေးမှုများ၊ အထောက်အကူပြု ပစ္စည်းသုံးစွဲမှုအသိပညာပေးမှုများနဲ့ ပတ်သက်၍သော်လည်းကောင်း သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ အသီးသီးကနေပြီးတော့မှ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်၊ ညွှန်ကြားချက်တွေကို ကျွမ်းကျင်အောင်လေ့လာပြီးမှ ပြန်လည်ဖြန့်ဝေမှုပြုပါက ထိရောက်ကျယ်ပြန့်နိုင်မည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဥပဒေများနှင့် ပတ်သက်၍ တင်ပြရလျှင် ဌာနဆိုင်ရာများအနေဖြင့် တားမြစ်ထားသော ဥပဒေတွေ၊ ပုဒ်မတွေ၊ အပြစ်ပေးရမယ့် ပြစ်မှုနှင့်ပြစ်ဒဏ်တွေကို ရှင်းပြနေရုံမှမက ဥပဒေကပေးသော အခွင့်အရေးများကိုလည်း တိတိကျကျပြည်သူကို ရှင်းလင်းသင့်ကြောင်းတင်ပြ လိုပါတယ်။

လက်ရှိအချိန်မှာ အချို့သောဌာနဆိုင်ရာများဟာ ပြည်သူတွေကို ပြစ်ဒဏ်သင့်စေမည့် ဥပဒေတွေ၊ ပုဒ်မတွေကို မကြာခဏရွတ်ပြပြီး ပြည်သူကိုအခွင့်အရေးပေးထားတဲ့ဥပဒေများကိုတော့ ဖုံးကွယ်ထားတာကို စိတ်မကောင်းဖွယ်ရာ တွေ့နေရပါတယ်။ ညွှန်ကြားချက်တွေနဲ့ ပတ်သက်လို့လည်း ဒီအတိုင်းပဲဖြစ်နေတာကို တွေ့ရပါတယ်။ ပြည်သူကိုအခွင့်အရေးပေးရမယ့် ညွှန်ကြားချက်တွေဆိုရင် ပြောမပြဘူး။ အခွင့်အရေးပိတ်ပင်တဲ့ညွှန်ကြားချက်တွေဆိုရင် ပြန်လည်ပြောပြနေတာ၊ ရှင်းလင်းပြောပြ နေတာဟာ မကောင်းတဲ့လက္ခဏာတွေပဲဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဌာနဆိုင်ရာတွေအနေနဲ့ ပြည်သူကိုမျက်နှာမူပြီး စေတနာထားဆောင်ရွက်သင့်ကြောင်း တင်ပြလိုပါတယ်။

နည်းပညာပေးမှုအပိုင်းမှာဆိုရင်လည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သင့်ကြောင်း တင်ပြလို ပါတယ်။ မြေစာရင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိတဲ့ကဏ္ဍတွေမှာ အဓိက ဆောင်ရွက်သင့်ကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှာဆိုရင် ကျွန်တော်တို့နိုင်ငံဟာ အင်မတန်မှအောက်ကျနောက်ကျနိုင်နေတာဖြစ်ပါတယ်။ လယ်ယာမြေကို စနစ် တကျလုပ်ကိုင်ဆောင်ရွက်နိုင်ဖို့အတွက် လယ်ယာမြေပြုပြင်တာကအစ မျိုးစေ့ရွေးချယ်မှု၊ စိုက်ပျိုးမှု၊ မြေသြဇာအသုံးချမှု၊ ရေအသုံးချမှု၊ ပိုးသတ်ဆေးအသုံးချမှု နောက်ဆုံးရိတ်သိမ်းသည်အထိ ဟောပြောရှင်းပြရုံမျှမက လက်တွေ့ပါပြသဆောင်ရွက်ပေးသင့်ပါကြောင်း တင်ပြလိုပါတယ်။ လက်ရှိဆောင်ရွက်နေသော်လည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ခြင်းမရှိနေတာကိုလည်း တွေ့နေ ရပါတယ်။

ကျန်းမာရေးကဏ္ဍမှာဆိုရင်လည်း သက်ဆိုင်ရာကျန်းမာရေးဌာနများမှ ပညာရေးဟောပြောမှုများ မှန်မှန်ဆောင်ရွက်နေသော်လည်း လိုအပ်နေသေးကြောင်းတွေ့နေရပါတယ်။ ကျေးလက်ကျန်းမာရေးမှအစ ကျောင်းကျန်းမာရေး ဒေသတွေမှာအများဆုံးဖြစ်တတ်တဲ့ ငှက်ဖျားရောဂါ၊ ဝမ်းရောဂါ၊ အခြားရောဂါများဖြစ်တဲ့ AIDS ရောဂါ၊ ကင်ဆာရောဂါ။ ဒါတွေကို ဘယ်လိုကြိုတင်ကာကွယ်တားဆီးမလဲဆိုတာကို ရှင်းလင်းဟောပြောပညာပေးမှုတွေကို တွေ့နေရပါတယ်။ သို့သော်လည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မှုမှာ အားနည်းနေသေးကြောင်း တွေ့နေရပါတယ်။ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးအဆင့်အတန်းဟာလည်း အောက်ဆုံးအဆင့်ကိုရောက်ရှိနေပြီဆိုတာ သိသာလှပါတယ်။ ကျွန်တော်တို့ကျေးလက်နေတောင်သူများအနေနဲ့ အရေးကြီးဆုံးဌာနတစ်ခုဖြစ်တဲ့ မြေစာရင်းဌာနအနေနဲ့လည်း လယ်ယာမြေဥပဒေအကြောင်းတွေ၊ မြေလွတ်မြေရိုင်းဥပဒေအကြောင်းတွေ၊ ပုံစံ(၇)အကြောင်းတွေကို ထိထိရောက်ရောက်ရှင်းပြသင့်ပါတယ်။ လက်ရှိအခြေအနေမှာ ပြည်သူတွေအနေနဲ့ လယ်ယာမြေဥပဒေအကြောင်းလည်းမသိ၊ ပုံစံ(၇)အကြောင်းလည်း ဂဃနဏမသိဖြစ်နေရပါတယ်။

အခြားဌာနဆိုင်ရာတွေဖြစ်တဲ့ မီးသတ်၊ သစ်တော၊ အားကစားနှင့်ကာယ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လဝကအစရှိတဲ့ ဌာနဆိုင်ရာများဟာလည်း အထက်ကတင်ပြခဲ့တဲ့အတိုင်း ထိရောက်တွင်ကျယ်မှုမရှိဖြစ်နေပါတယ်။ အဲဒီလို ဘာကြောင့်အားနည်းနေတာလဲဆိုတာကို ပြန်ကြည့်မယ်ဆိုပါက ဌာနဆိုင်ရာဝန်ထမ်းတွေအင်အားမလုံလောက်ခြင်း၊ ဝန်ထမ်းလစာနည်းပြီးတော့မှ မိသားစုဘဝလောက်ငှမှုမရှိခြင်း၊ ပညာပေးရှင်းလင်းပွဲများအတွက် နိုင်ငံတော်မှပံ့ပိုးမှုအားနည်းနေခြင်းတို့ကို တွေ့ရမှာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေဖြင့်တင်ပြရရင် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများမှ ပြည်သူများအား ထိရောက်စွာအသိပညာပေးနိုင်ရေးအတွက် စရိတ်အမျိုးမျိုး၊ ကူညီထောက်အကူပြုပစ္စည်းများဝယ်ယူနိုင်ဖို့စရိတ် အစရှိတဲ့စရိတ်များကို နိုင်ငံတော်မှ သီးသန့်ဘတ်ဂျက်ရေးသွင်းလျာထားပံ့ပိုးမှသာလျှင် အဆင်ပြေနိုင်မှာဖြစ်သောကြောင့် ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်ယဉ်မင်းလှိုင်ရဲ့ အဆိုကို အလေးအနက်ထောက်ခံကြောင်း တင်ပြရင်းနိဂုံးချုပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေ

ခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်ယဉ်မင်းလှိုင် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်ကတင်သွင်းသော ပြည်သူလူထုအား သက်ဆိုင်ရာဌာနများမှ ပညာပေးအစီအစဉ်များအတွက် သီးသန့်ဘတ်ဂျက်ထည့်သွင်းလျာထား၍ စနစ်တကျပညာပေး အစီအစဉ်များ ပြုလုပ်ရန်နှင့် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါမဲဆန္ဒနယ်ကတင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၇-၂-၂၀၁၇ ရက် (အင်္ဂါနေ့) ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာစတင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယ အကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သော ၃၀-၁-၂၀၁၇ ရက်နေ့တွင် လွှတ်တော်သို့လက်ခံရရှိကြောင်း အသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့

မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၁-၂-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမှမရှိပါ။ ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးနိုင်ပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့်သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် (၆.၂.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများ



ဦးသောင်းအေး (ပျော်ဘွယ် မဲဆန္ဒနယ်)



ဒေါ်မြွှာညီဦး (ရွှေတောင် မဲဆန္ဒနယ်)



ဦးဗေသန်း (မြေပုံ မဲဆန္ဒနယ်)



ဦးတင်ကိုကိုဦး (ဘီလင်း မဲဆန္ဒနယ်)



ဒေါ်ယဉ်မင်းလှိုင် (ဂန့်ဂေါ မဲဆန္ဒနယ်)



ဦးအောင်မြင့် (ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်)



ဦးခင်မောင်ရီ (စက်မှုဝန်ကြီး)



ဒေါက်တာဖေမြင့် (ပြန်ကြားရေးဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်